မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

နှုတ်ကိုအစဉ်စောင့်စည်းရာ၏။ စိတ်ကို ကောင်းစွာထိန်းသိမ်းရာ၏။ ကိုယ်ဖြင့် လည်းမကောင်းမှုကို မပြုရာ။ဤသုံးပါး သော ပြုမူအစဉ်တို့ကို စင်ကြယ်စေ၍ ရသေ့သူမြတ်တို့ ဟောကြားအပ်သော မဂ်ကို ပြီးစီးစေရာ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၉၈)

■ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်၊ တနလာ်နေ့

သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်အဖြစ် ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များပြသထား



ရန်ကုန် နိုဝင်ဘာ ၁

ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်အဖြစ် ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်၌ ပြကွက်များဖြင့် ပြသထားရှိရာ ရဟန်းရှင်လူ ပြည်သူများ၊ မျိုးဆက်သစ်လူငယ်များနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာ ဖူးမြော်ကြကြောင်း သိရသည်။

ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်အဖြစ်

စာမျက်နှာ ၁၆ ကော်လံ ၄ ➡

လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် ပြည်ပရောက်မြန်မာနိုင်ငံလုပ်သားများ၏ ငွေလွှဲပို့မှုများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ကြောင်း FATF မှ ဆုံးဖြတ်

ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ၂၆-၁၀-၂၀၂၆ ရက်မှ ၃၀-၁၀-၂၀၂၆ ရက်အထိ ကျင်းပခဲ့သည့် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့(Financial Action Task Force-FATF) ၏ မျက်နှာစုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။


မြန်မာနိုင်ငံအနေဖြင့် FATF မှ ချမှတ်ထားသည့် အကောင်အထည် ဖော်ဆောင်ရွက်ရမည့် အစီအမံ(Action Plan) ၁၅ ချက်အနက် ၁၃ ချက်အား ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး FATF က အများပြည်သူသို့ ထုတ်ပြန်ကြေညာချက်အား ၃၀-၁၀-၂၀၂၆ ရက် နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ●

၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့်ဒီဇင်ဘာလတွင် အယ်လ်နီညိုအမြင့်ဆုံး အခြေအနေသို့ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၁

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတု ဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ အီကွေတာအနီးရှိအပူပိုင်း ပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင် **စာမျက်နှာ ၁၄ ကော်လံ ၅ ❖**



အမေရိကန်ပြည်ထောင်စု၊ အမျိုးသားမိုးလေဝသဌာန၏ ရာသီဥတုခန့်မှန်းရေးဌာနမှ ထုတ်ပြန်ထားသော ပင်လယ်ရေမျက်နှာပြင်အပူချိန်ပြပုံ

NINO 3.4 ဧရိယာတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက် ၂.၅ ဒီဂရီဆဲလ်စီးယက်မှ ၂.၈ ဒီဂရီဆဲလ်စီးယက်အထိ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

ဆိုင်ကလုန်းမုန်တိုင်း“မူရာစု” အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁

ဆိုင်ကလုန်းမုန်တိုင်းသတင်း“မူရာစု” (MURASU) အခြေအနေ

ယနေ့ည‌နေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော **စာမျက်နှာ ၁၁ ကော်လံ ၁ ➤**



အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ ကျိုက်မရောမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ **စာမျက်နှာ ၁၇ ကော်လံ ၁ ➲**

နိုင်ငံ့ကျောရိုးဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အနာဂတ်မြန်မာ့လူမှုစီးပွား

ဆောင်းပါး စာ - ၁၂ သို့

အလုပ်သမားဆေးရုံ(ထန်းတပင်)၌ နာတာရှည်ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမား လူနာများအား ကျောက်ကပ်သွေးသန့်စင်ဆေးကြော သည့် ဝန်ဆောင်မှုစတင်ဆောင်ရွက်

စာ - ၁၁ သို့

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်

မြို့တော်အင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်သည့်နေပြည်တော်

နိုင်ငံတော်အစိုးရသည် မိမိနိုင်ငံကိုပိုမို၍ဖွံ့ဖြိုးတိုးတက်ပြီး သာယာလှပစေရန် ဆောင်ရွက်လျက်ရှိရာတွင် **"နိုင်ငံတော်ရွေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့၊ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့ နှင့် နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဟူသော မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေအား မြို့တော်အင်္ဂါရပ်များနှင့်အညီ ခေတ်မီပြီးဘက်စုံဖွံ့ဖြိုးတိုးတက်သော မြို့ပြတစ်ခုအဖြစ် ဖြစ်ပေါ်လာစေရေး ဘက်ပေါင်းစုံမှအကောင်အထည်ဖော်လျက်ရှိသည်။ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင်လမ်းသစ်သည် နိုင်ငံတော်၏မြို့တော်သို့ ဝင်ရောက်သည့် လမ်းကြောင်းတစ်ခုဖြစ်၍ လမ်းတံတားများတည်ဆောက်ရာတွင် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အဆင့်မီမီ တည်ဆောက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၃၁ ရက် နံနက်ပိုင်းက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင်လမ်းသစ်ဖောက်လုပ်နေမှုနှင့် အဆိုပါလမ်းသစ်ပေါ်ရှိ ရုံးပင်ချောင်းတံတားတည်ဆောက်နေမှုအခြေအနေများ၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရာဇသင်္ဘာလမ်းကြောင်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး သန့်ရှင်းသာယာလှပရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ လမ်းဘေးဝဲယာတစ်လျှောက် အရိပ်ရလေကာပင်များစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် နေပြည်တော်၊ ပြည်သူ့ရင်ပြင်သို့ရောက်ရှိရာ တာဝန်ရှိသူများက နေပြည်တော်၊ ပြည်သူ့ရင်ပြင်ဆိုင်ရာအချက်အလက်များ၊ ရင်ပြင်ပတ်လည်နေရာများ၌ အထင်ကရပုဂ္ဂိုလ်များ၏ ရုပ်တုများ၊ စက္ကူကျောက်များဖြင့် ထုဆစ်ပုံဖော်ထားသည့် ရုပ်လုံးရုပ်ကြွများ ထည့်သွင်းတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ ပန်းခြံနေရာများ၊ လျှောက်လမ်းများ၊ ဖျော်ဖြေရေးရင်ပြင်နှင့် Shop House များ၊ ယာဉ်ရပ်နားရန်နေရာများနှင့် အခြားလိုအပ်သည့် အဆောက်အအုံများ ထည့်သွင်းတည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက **"နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေအား မြို့တော်အင်္ဂါရပ်နှင့်အညီ ခေတ်မီပြီးဘက်စုံဖွံ့ဖြိုးတိုးတက်သော မြို့ပြတစ်ခုအဖြစ် ဖြစ်ပေါ်လာစေရေး ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်စဉ်းစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်ခဲ့မှုရှိစေရေး၊ အဆင့်မီမီဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရုပ်တုများနှင့် ရုပ်လုံးရုပ်ကြွများ ထည့်သွင်းတည်ဆောက်ရာတွင် မြန်မာမှုနှင့် ပန်းချီပန်းပုပညာရှင်ကြီးများထံမှ အကြံဉာဏ်များရယူ၍ စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း"** လမ်းညွှန်မှာကြားခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေတွင် တည်ဆောက်လျက်ရှိသော ပြည်ထောင်စုဂုဏ်ပြုဗိမာန်မှာ ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့ကြသူများနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများကို ဂုဏ်ပြုနိုင်ရန်အတွက် ရည်ညွှန်းတည်ဆောက်ခြင်းဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအပါအဝင် ပြည်ပနိုင်ငံများမှ လာရောက်ဂုဏ်ပြုကြသူများအနေဖြင့် အဆင့်မီမီနှင့်စနစ်တကျ လာရောက်ဂုဏ်ပြုနိုင်ရေးအတွက်လည်း လျာထားဆောက်လုပ်ခြင်းဖြစ်သည်။ ပန်းစည်းချဂုဏ်ပြုမည့်နေရာများ၊ ယာဉ်ရပ်နားရန်နေရာများ၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပမှုရှိစေရေး အမြဲစိမ်းသစ်ပင်များနှင့် ပန်းမန်များကို စနစ်တကျဖြင့် ထည့်သွင်းစိုက်ပျိုးသွားရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နေပြည်တော်အား မြို့တော်အင်္ဂါရပ်များနှင့်ပိုမိုပြည့်စုံအောင်ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့် နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေများ စနစ်တကျသုံးစွဲရေးဆိုင်ရာ အသိပညာပေး

လက်ပံတန်း၊ နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီးလက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည်အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့်ရေအရင်းအမြစ်လျော့နည်းမှုနှင့် သောက်သုံးရေများအား စနစ်တကျသုံးစွဲရေးဆိုင်ရာ အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် သာယာကုန်းကျေးရွာ၌ ကျင်းပသည်။

ထိုသို့ကျင်းပရာတွင်လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးက အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာနိုင်ခြင်းတို့ဖြစ်ပေါ်နိုင်သဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ရေကိုအလေအလွင့်မရှိ စနစ်တကျအသုံးပြုရန်နှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန်၊ ရေရှားပါးမှုဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာထိန်းသိမ်းထားရှိရန်နှင့် ရေကိုလိုအပ်သလောက်သာ သုံးစွဲရန် အသိပညာပေးရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများအား အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကျရောက်လာနိုင်သည့်အခြေအနေများ၊ အကျိုးသက်ရောက်နိုင်မှုများ၊ ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့်ဖြစ်ပေါ်လာပါက တုံ့ပြန်ရမည့်အချက်များ ပါဝင်သည့်အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲသို့ လက်ပံတန်းကျေးရွာမှဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

အေးမြတ်

တစ်သျှူးငှက်ပျော(ဖီးကြမ်း)ပင်များ စုပေါင်းစိုက်ပျိုး

နေပြည်တော် နိုဝင်ဘာ ၁

နေပြည်တော်ကောင်စီနယ်မြေတပ်ကုန်းမြို့နယ်ကြက်သွန်ခင်းကျေးရွာအုပ်စု၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ စီမံမှုဖြင့် တစ်သျှူးငှက်ပျော(ဖီးကြမ်း)ပင်များ စုပေါင်းစိုက်ပျိုးခြင်းကို ယမန်နေ့ကအဆိုပါကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးခြံဝင်းအတွင်း စိုက်ပျိုးပေးခဲ့သည်။

အဆိုပါငှက်ပျောပင်များ စိုက်ပျိုးရာတွင် ကြက်သွန်ခင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ငှက်ပျောပင်များ စိုက်ပျိုးရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ စုစုပေါင်း ၅၀ ဦးဖြင့် အုပ်ချုပ်ရေးမှူးရုံးခြံဝင်းအတွင်းရှိ မြေကွက်လပ်တွင် တစ်သျှူးငှက်ပျော(ဖီးကြမ်း)၄၀ ပင်၊ ရခိုင်ငှက်ပျော ၃၅ ပင် စုစုပေါင်း ၇၅ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(၄၀၂)

သဇင်(FM)အသံလွှင့်အစီအစဉ်
၂-၁၁-၂၀၂၆(တနလာ်နေ့)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။ ၁၂:၀၀ Jumping For You
၄။ ၁၆:၀၀ ပျော်ရွှင်တင်ဆက် လေလှိုင်းထက်
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-ဂ၃၉၉၈၊ ဖက်စ် ၀၃၁-ဂ၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-ဂ၄၀၀၆၊ ၀၃၁-ဂ၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-ဂ၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-ဂ၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နုင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိပွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

နိုင်ငံတော်၏ စက်မှုစီးပွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျထိရောက်စွာအထောက်အကူပြုနိုင်မည့် စက်မှုကျွမ်းကျင်လူငယ်ပညာရှင်များကို အရည်အသွေးစံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ်မွေးထုတ်ပေး



နေပြည်တော် နိုဝင်ဘာ ၁

စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ အမှတ်(၃)စက်မှုသင်တန်းကျောင်း (သာဂရ) သို့ ယမန်နေ့မွန်းလွဲပိုင်းတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်၏ စက်မှုစီးပွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျ ထိရောက်စွာအထောက်အကူပြုနိုင်မည့် စက်မှုကျွမ်းကျင်လူငယ်ပညာရှင်များကို အရည်အသွေးစံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရန်၊ သင်တန်းသားများအား နိုင်ငံချစ်စိတ်ပြည့်ဝစေရေးနှင့် သင်တန်းပြီးဆုံးချိန်တွင် စက်မှုကျွမ်းကျင်မှုများဖြင့် နိုင်ငံတာဝန်များကို တစ်တပ်တစ်အားပါဝင်ထမ်းဆောင်နိုင်ရေး ပျိုးထောင်ပေးသွားရန်၊ သင်တန်းဆင်းလူငယ်များသည် စက်ရုံ၊ အလုပ်ရုံများ၊ MSMEs လုပ်ငန်းအသီးသီးတွင် ချက်ချင်းဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ၊ လက်တွေ့လေ့ကျင့်မှုများကို ကျွမ်းကျင်ပိုင်နိုင်သည်အထိ လေ့ကျင့်သင်ကြားပေးသွားရန် တိုက်တွန်းမှာကြားပြီး ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ သင်တန်းကျောင်းစာကြည့်တိုက်၊ စက်ပစ္စည်းအစိတ်အပိုင်းများ ခုတ်စားခြင်းနှင့် ထုတ်လုပ်ခြင်းသင်တန်းခန်းမ၊ ကွန်ပျူတာသုံး ဒီဇိုင်းထုတ်လုပ်မှုသင်တန်းခန်းမ၊ လျှပ်စစ်ပညာသည် သင်တန်းခန်းမ၊ အီလက်ထရောနစ်ပညာသည် သင်တန်းခန်းမနှင့် သတ္တုရုည်ကျိုပညာသည်သင်တန်းခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၃) စက်မှုသင်တန်းကျောင်း(သာဂရ)တွင် စက်မှုကျွမ်းကျင်ဘာသာရပ် ငါးမျိုးကို စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်းဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်း အမှတ်စဉ်(၁)မှ အမှတ်စဉ်(၁၅)အထိ သင်တန်းဆင်း ၁၇၂၀ ဦးကို မွေးထုတ်ပေးခဲ့ကြောင်း၊ ဇုလ ဒသမ ၆ ရာခိုင်နှုန်းခန့်ကို အလုပ်အကိုင်များရရှိအောင် ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

အဆိုပါ စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်းကို အသက် ၁၈ နှစ်ပြည့်ပြီး ၂၅ နှစ်ထက်မကျော်လွန်သူ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ Grade-12 ကို အောင်မြင်ခြင်းမရှိသော်လည်း ဖြေဆိုဖူးသူများ လျှောက်ထား တက်ရောက်နိုင်ကြောင်း သိရသည်။ မြဝတီ

သတင်းမှတ်စု

ပခုက္ကူမြို့၌ နှစ်စဉ်ကျင်းပလေ့ရှိသည့် မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပွဲ



မြန်မာ့ရိုးရာ ခြင်းခတ်အားကစားနည်း တိမ်ကောပပျောက်မှုမရှိစေရေးနှင့် မျိုးဆက်သစ်လူငယ်များ လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ကြစေရေးရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး သီတင်းကျွတ်မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပသော ခြင်းလုံးအလှခတ်ပွဲတွင် မြန်မာ့ဂုဏ်ဆောင် ခြင်းလိပ်ပြာနန္ဒာဝင်းသည် တစ်ပင်တိုင်ခြင်းလုံးအလှခတ်စွမ်းရည်ဖြင့် သုံးရက်ကြာဖျော်ဖြေခဲ့သည်။

ပခုက္ကူမြို့ ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး သီတင်းကျွတ်မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပလေ့ရှိသော ခြင်းလုံးအလှခတ်ပွဲတွင် ဒေသခံခြင်းဝါသနာရှင်ပြည်သူများကို ခြင်းအလှခတ်စွမ်းရည်ဖြင့် ဖျော်ဖြေပေးရန် ခြင်းလိပ်ပြာနန္ဒာဝင်းအား ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါခြင်းလုံးအလှခတ်ပွဲတွင် မကွေးတိုင်းဒေသကြီးနည်းပြဒေါ်တင်တင်လင်း၊ တိုင်းဒေသကြီးလက်ရွေးစင် ကိုရှိုင်းနှင့် အောင်သူဗိုလ်၊ မန္တလေးတိုင်းဒေသကြီး လက်ရွေးစင် မျိုးဆက်သာနှင့်စိုးဝေနင်း၊ နိုင်ငံကျော်ဟာသခြင်းမင်းသား ကိုရဲမာန်၊ တခြားသောခြင်းမင်းသား၊ မင်းသမီးအဖွဲ့များ၊ ပခုက္ကူမြို့နယ်မှ ခြောက်ဦးစီပါဝင်သော ခြင်းအလှခတ်အဖွဲ့များပါဝင်သည်။

“အသက်ခြောက်နှစ်ကတည်းက ခြင်းခတ်ဝါသနာပါပြီး လေ့ကျင့်ခဲ့တာပါ။ ဖေဖေခြင်းခတ်တဲ့နောက်ကိုလိုက်သွားရင်း စိတ်ဝင်စားလာလို့ သင်ယူလေ့ကျင့်ခဲ့တာပါ။ လက်ရှိ အသက် ၁၂ နှစ်ရှိပါပြီ။ ဘုရားပွဲ၊ အလှူပွဲ၊ ကထိန်ပွဲနဲ့ တခြားပွဲတွေမှာ ခြင်းအလှခတ်ပါတယ်။ ခြင်းအလှပြတာတွေက အရင်ဆုံး ခြေဖျားတော့ပြီး သီချင်းလေးတွေနဲ့ကတယ်။ အာဆီယံကွင်း၊ မီးကွင်းတွေနဲ့ အလှပြကစားတယ်။ ပါးစပ်ကိုက်ပြီး ဓားပြား၊ ဓားသွားတွေပေါ်တင်တယ်။ ခုံပေါ်၊ ပုလင်းပေါ်တွေ တက်ကစားတယ်။ ပုသိမ်ထီးတစ်ချောင်း၊ နှစ်ချောင်းနဲ့ အလှပြခတ်တယ်။ နောက်ပိုင်း ပြိုင်ပွဲတွေမှာဝင်ပြိုင်ပြီး နိုင်ငံကျော်ခြင်းမင်းသမီးတစ်ယောက်ဖြစ်တဲ့အထိ ဆက်လက်ကြိုးစားချင်ပါတယ်။ ပခုက္ကူမြို့မှာ အရင်နှစ်ကလည်း နှစ်ရက်ကြာ လာရောက်ဖျော်ဖြေဖူးပါတယ်” ဟု မြန်မာ့ဂုဏ်ဆောင် တစ်ပင်တိုင်မင်းသမီး ခြင်းလိပ်ပြာနန္ဒာဝင်းကပြောသည်။

မြန်မာတို့၏ ရိုးရာခြင်းအလှခတ်ကစားနည်းသည် ကမ္ဘာက အားကျဂုဏ်ယူလောက်သည့် ကစားနည်းဖြစ်ပြီး ခြင်းလုံးတစ်လုံးကို လူ လေး၊ ငါး၊ ခြောက်ဦးက မြေပေါ်သို့မကျအောင် ဝိုင်းဖွဲ့ခတ်ကစားရသောကြောင့် အဖွဲ့၌ ပါဝင်သူတစ်ဦးချင်း၏စိတ်ကို ညီညွတ်စေသည့်အပြင် ကိုယ်လက်လှုပ်ရှားမှု ရိုးရာအားကစားတစ်ရပ်အနေဖြင့် ဘိုးဘေးဘီဘင်လက်ထက်မှစတင်ကာ ယနေ့အထိ မြတ်နိုးခုံမင်စွာ ကစားလာခဲ့သော အားကစားနည်းဖြစ်သည်။

တစ်ပင်တိုင်ခြင်းလုံးခတ်ခြင်း (တစ်ဦးတည်းခြင်းလုံးခတ်ကစားခြင်း) သည် မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်းတွင် အမြင့်ဆုံးနှင့် အနုပညာအဆန်ဆုံးသော စွမ်းရည်ပြသမှုတစ်ခုဖြစ်သည်။ အဖွဲ့လိုက်ခတ်ကစားခြင်းနှင့်မတူဘဲ မိမိတစ်ဦးတည်းသာ ခြင်းလုံးကို မြေမကျအောင်ထိန်းပြီး ခက်ခဲနက်နဲကာ လှပသောခြင်းကွက်များကို စွမ်းရည်ပြရသောပညာရပ်ဖြစ်သည်။

တစ်ပင်တိုင်ခြင်းလုံးခတ်စွမ်းရည်၏ အဓိကသော့ချက်များနှင့် လိုအပ်ချက်များမှာ အခြေခံခြေကွက်များပိုင်နိုင်မှု(Basic Strokes)၊ အဆင့်မြင့်ခြင်းကွက်များနှင့် စွမ်းရည်ပြကွက်များ (Advanced Tricks)၊ ကိုယ်ခန္ဓာဟန်ချက်နှင့် ကြံ့ခိုင်မှု (Balance & Physical Fitness)၊ စိတ်တည်ငြိမ်မှုနှင့် အာရုံစူးစိုက်မှု (Focus & Concentration)တို့ဖြစ်သည်။

မြန်မာ့ရိုးရာ ခြင်းလုံးလောကတွင် တစ်ပင်တိုင်ခြင်းလုံးခတ်စွမ်းရည်သည် ကစားသမားတစ်ဦး၏ ခြင်းပညာကျွမ်းကျင်မှုအဆင့်ကို တိုင်းတာသည့် ပြယုဂ်တစ်ခုဖြစ်ပြီး ပွဲတော်များနှင့်ပြိုင်ပွဲများတွင် ပရိသတ်ကိုဆွဲဆောင်မှုအရှိဆုံးဖျော်ဖြေမှု အားကစားစွမ်းရည်တစ်ခုဖြစ်ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

လှိုင်းဘွဲ့မြို့နယ် လှကဇိုင်းကျေးရွာဌာန ကျေးရွာတွင်းကွန်ကရစ်လမ်းသစ်ဖွင့်

လှိုင်းဘွဲ့ နိုဝင်ဘာ ၁

(၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လှိုင်းဘွဲ့မြို့နယ် ဥဒေါင်းကျေးရွာအုပ်စု လှကဇိုင်းကျေးရွာဌာန ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပြီး အဆိုပါလမ်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါလမ်းသစ်ကို ကရင်ပရိယတ္တိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုခ၊ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲတွင်ပါဝင်သည့် ယဉ်ကျေးမှုအပွဲများအား ဂုဏ်ပြုဆုများပေးအပ်ကြကာ ကွန်ကရစ်လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အလားတူ အမှတ်(၄)ရပ်ကွက် သီရိကွင်းမုခ်ဦးရှေ့၌ ကျင်းပသည့် (၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီးဖိတ်ခေါ် Road Bike စက်ဘီးပြိုင်ပွဲသို့ တက်ရောက်ကြသည်။

ပြိုင်ပွဲကို ပြည်နယ်လူမှုရေးရာဝန်ကြီးက သေနတ်ပစ်ဖောက်တာလွတ်ပေးရာ ပြိုင်ပွဲဝင် ၂၃၄ ဦးက ပြိုင်ပွဲအလိုက် ပါဝင်ယှဉ်ပြိုင်ကြပြီး သီရိကွင်းမုခ်ဦးရှေ့သို့ ပြန်လည်ပန်းဝင်လာမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့၊ စက်ဘီးအားကစားဝါသနာရှင်များက ဂုဏ်ပြုကြိုဆိုကြကာ ဆုများချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ



ယမန်နေ့မှအဆက်

ထို့ပြင် ရွှေနန်းတော်လှေကားအတက်မှ မိမိအသက်ကိုပင် ပဓာနမထား မောင်တော်ဘုရား မောင်တော်ဘုရားနှင့် တစာစာ ခေါ်လျက် ရန်သူယောကျ်ားသားများနှင့် သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်အသက်လုကာ ဓားချင်းယှဉ်ခုတ်ပြီး ဘဝရှင်မင်းတရားကြီး အား ကယ်တင်ခဲ့သူမှာ မင်းတရားကြီး၏ အိမ်တော်ပါငယ်မယား သုံးဆယ်မင်းသားကြီး၏မယ်တော် မြောက်ဆောင်တော် မိဖုရား ခုနစ်ရွာစားမိဖုရားကြီးပင်ဖြစ်လေသည်။ ထို့ကြောင့် မင်းတရားကြီးသည် သူ့အသက်သခင် ခုနစ်ရွာစားမိဖုရားကြီးကို သက်ဆုံးတိုင် မြတ်နိုးတော်မူခဲ့လေသည်။

ဘဝရှင်မင်းတရားကြီး၏ ဘုန်းတော်ကံတော်မှာ ကြီးမားလှပေသည်။ သားတော် မြင်ကွန်းမင်းသားကြီးနှင့် အိမ်တော်ပါ လက်ရုံးအဖွဲ့က ယာယီလွတ်ရုံးသို့ မင်းတရားကြီးအား လုပ်ကြံရန်လာချိန်တွင် ကြိုတင်အမိန့်ပေး ခိုင်းစေထားခြင်း မရှိပါဘဲ အနီး၌ရှိသော စားတော်ဝန်ဦးခဲကာ မင်းတရားကြီး၏ ကိုယ်ရုံတော်ကိုလွှမ်းခြုံကာ ရန်သူများအား လှည့်စားထွက်ပြေးခဲ့၍သာ မင်းတရားကြီး အသက်ဘေးကလွတ်ခဲ့ရခြင်းဖြစ်သည်။ ထိုနေ့သည်ကား ၁၂၈ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက် အင်္ဂါနေ့ဖြစ်၏။

ဉာဏ်အမြော်အမြင် ကြီးမားလှသော ဥပရာဇာကိုယ်တော်ကြီး၏ အဝေးရောက် မြင်းရည်တက်များမှာ ဤအရေးအခင်းကြီး ၌လည်း လွန်စွာအရေးပါအရာရောက်ခဲ့လေသည်။ မိတ္ထီလာနယ်မှ ရွှေပြည် ရန်အောင်၊ မြင်းတပ်မှူးကြီး မင်းလှသီရိကျော်ထင်က မြင်ကွန်းစားအရေး၊ ပန်းတိမ်စားအရေးတို့မှ သူပုန်လက်ထောက်ခံ၊ လူယုံများဖြစ်ကြသည့် မြင်ကွန်း၊ မြင်းခုံတိုင်တို့၏အကြီးတော်၊ အအုပ်တော်များ၊ ပန်းတိမ်စား၏ညီတော် တိုင်တားစားငယ်၊ တောင်စဉ်စားငယ်နှင့် ကျွန်ယုံငဖြူငယ်၊ ငစစ်အောင်ငယ်၊ ကြေးမြင်းစားငယ်တို့အပြင် မြင်ကွန်းမင်းသားအိမ်ပါကျွန်များဖြစ်ကြသည့် ငမှန်၊ ငရန်၊ ငရွှေမောင်၊ ငကျောက်ခဲ၊ ငမိတ်၊ ငထိပ်ဟူသော လူမိုက်လူရမ်းကား ညီအစ်ကိုတစ်စုကို လက်ရဖမ်းဆီးကာ မင်းလှသီရိကျော်ထင် အမိန့်နာခံတော်စာချွန်နှင့်အတူ ဘဝရှင်မင်းတရားထံ ၁၂၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့တွင် ဆက်သနိုင်ခဲ့သည်။

နန်းတွင်းလုပ်ကြံမှု အရေးအခင်းကြီး၏နောက်ဆက်တွဲအဖြစ် မြန်မာ့အနုပညာပေသမိုင်းအတွက် အင်မတန်နှမြောတသ ယူကျုံးမရဖွယ် အဖြစ်ဆိုးကြီးမှာ အခြေအနေနှင့်အချိန်အခါအရ “ကုပ်ပေါ်တင်ငြား၊ နီးရာဓားထက်၊ ဘာများကိုးစား၊ အကြောက်ထား၍၊ လှည့်ဖြားခြင်းငှာ မစွမ်းသာ” ဟူသကဲ့သို့ပင် အင်မတန်ရာဇပေးဓာတ်ယတြာများ စီရင်ခဲ့သည်ဟူသောစွပ်စွဲချက်ဖြင့်ဖမ်းဆီး၍ ကြေးတိုက်ထောင်တန်းမသွင်းဘဲ မြောက်မြို့ဝန် ဦးသာအိုအိမ်၌ အကျယ်ချုပ်အပ်နှံထားစဉ် သူမယားနှင့်ထပ်မံစွပ်စွဲကာ သတ်ပစ်ခဲ့လေသည်၊ ထိုစဉ်က စာဆိုရှင်ဦးပုညနှင့်ပတ်သက်၍ မင်းတရားကြီးက “လူကိုခွေးသတ်လေခြင်း” ဟု မချိတင်ကဲ ရေရွတ်တော်မူခဲ့ရှာသည်။

ဘဘုရား ဦးကျော်ရွှေးက ညည်းတွားရှာ၏။ လူတစ်ယောက် အဘယ်မျှပင် ပညာတတ်၍ ရာထူးဂုဏ်သိမ်မြင့်မားနေစေကာမူ နှုတ်ထွက်စကားတစ်ခွန်းက လွန်စွာအရေးကြီးသည်ဟူသည်ကို သင်ခန်းစာယူ သတိသံဝေဂရဖွယ်ပြောပြ၏။ စာဆိုရှင် အမတ်ကြီးစလေဦးပုညမှာ ပညာဉာဏ်ကြီးမားသကဲ့သို့ ဧကရာဇ်မင်းတို့၏ မြှောက်စားခြင်းကြောင့် ပညာဂုဏ်လည်းအင်မတန်မောက်သည်ဟု ကြားသိရဖူး၏။ အလင်္ကာမြောက်ရေးဖွဲ့နိုင်သော ပညာစွမ်းကြောင့် ရွှေနန်းတော်အတွင်းရှိသားတော်၊ သမီးတော်တို့ လေးစားဆည်းကပ်ရသော မင်းဆရာလည်းဖြစ်လေရာသားတော်၊ သမီးတော်များ အလိုရှိတော်မူကြသည့် တေးထပ်ရတုလင်္ကာ လိုအပ်သည်များကို ရေးစပ်ပေးရသူဖြစ်သည်။ ထိုအခါတွင် ဦးပုညသည် ရာဇမာန်ကြီး ဓားထက်တော်မူကြသော သားတော်ကြီး၊ သမီးကြီးတချို့နှင့် အလယ်နန်းမတော်မိသားစုများကလွဲလျှင် အဆောင်ရမျက်နှာငယ်မိဖုရားများ၏ သားတော်၊ သမီးတော်များဆိုလျှင် အရေးစိုက်သူမဟုတ်ပေ။ ထို့ထက်ဆိုးသည်ကား ကိုယ်လုပ်တော်တို့ကဖွားသော သားတော်၊ သမီးတော်များကို နှုတ်လှန်ထိုးစော်ကားသည်များပင် ပြုလုပ်လေ့ရှိသူဖြစ်သည်။

တစ်ခါတွင် အရှင့်သန္ဓေစွဲခွင့်မရှိသော ကိုယ်လုပ်တော်တစ်ပါးက ဖွားမြင်သော မင်းသားတစ်ပါးကို မချေမငံနှုတ်လှန်စော်ကားခဲ့ဖူး၏။ ထိုမင်းသားငယ်က ရတုတစ်ပုဒ်အလိုတော်ရှိ၍ အခေါ်တော်လွတ်ရာ “မဟာဆီမဟာသွေး အရှင့်သားတော်၊ သမီးတော်များအရေးရှိနေသဖြင့် ယမနေ မင်းသားအတွက် အချိန်မပေးနိုင်ဟု အကြောင်းပြန်ခဲ့သည်။

ယမနေမင်းသားဟူသော အသုံးအနှုန်းမှာ မင်းသွေးစင်စစ်မဟုတ်သော ရုပ်သေး မင်းသားဟု ဆိုလိုက်ခြင်းဖြစ်၏။ ယမနေသားဆိုသည်မှာ ပေ့ါပါး၍ ကျစ်လျစ်ခိုင်ခံကာ ပိုးမစားသော သစ်သားတစ်မျိုးဖြစ်များဆိုလျှင် အရေးစိုက်သူမဟုတ်ပေ။ ထို့ထက်ဆိုးသည်ကား ကိုယ်လုပ်တော်တို့ကဖွားသော သားတော်၊ သမီးတော်များကို နှုတ်လှန်ထိုးစော်ကားသည်များပင် ပြုလုပ်လေ့ရှိသူဖြစ်သည်။

တစ်ခါတွင် အရှင့်သန္ဓေစွဲခွင့်မရှိသော ကိုယ်လုပ်တော်တစ်ပါးက ဖွားမြင်သော မင်းသားတစ်ပါးကို မချေမငံနှုတ်လှန် စော်ကားခဲ့ဖူး၏။ ထိုမင်းသားငယ်က ရတု တစ်ပုဒ်အလိုတော်ရှိ၍ အခေါ်တော်လွတ်ရာ “မဟာဆီမဟာသွေး အရှင့်သားတော်၊ သမီးတော်များအရေးရှိနေသဖြင့် ယမနေ မင်းသားအတွက် အချိန်မပေးနိုင်ဟု အကြောင်းပြန်ခဲ့သည်။

ယမနေမင်းသားဟူသော အသုံးအနှုန်းမှာ မင်းသွေးစင်စစ်မဟုတ်သော ရုပ်သေး မင်းသားဟု ဆိုလိုက်ခြင်းဖြစ်၏။ ယမနေသားဆိုသည်မှာ ပေ့ါပါး၍ ကျစ်လျစ်ခိုင်ခံကာ ပိုးမစားသော သစ်သားတစ်မျိုးဖြစ်၏။ ထို့ကြောင့် ရုပ်သေးရုပ်များထုလုပ်ရာတွင် ယမနေသားကိုသာ ထုလုပ်ကြခြင်းဖြစ်သည်။

ကြမ်းကျွံသော် နှုတ်၍လွယ်သော်လည်း နှုတ်ထွက်ကျွံလွန်သွားသော စကားတစ်ခွန်းမှာ အသက်ကိုပင် ရန်ရှာတတ်သည်ကို ရာဇဝင်အဆက်ဆက်ရှိတတ်ခဲ့ရာ အမတ်ကြီးစလေဦးပုညမှာလည်း မင်းမျက်ရှု၍ ဘုန်းကံကျချိန်တွင် ထိုမင်းသားနှင့် မြောက်မြို့ဝန်ဦးသာအိုတို့၏ ပူးပေါင်းလုပ်ကြံမှုဖြင့် အသက်ဆုံးခဲ့ရသည်ဟု တိုးတိုးသတင်းအဖြစ် ကြားကြရသည်။

ထိုအချိန်မှစ၍ ရတနာပုံတိုင်းနိုင်ငံကြီး၏ ရွှေနန်းတော်ကြီးတွင် ရှေးထုံးကိုဖျက်ဆီးသူ မရှိတော့ပေ။ ဘုရားရှင်ကိုယ်တော်မြတ်ကပင် ဘုရားဖြစ်ခြင်း၏ အကြောင်းတရားကို ဟောကြားတော်မူခဲ့ရာ

ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

ညီညွတ်ဖို့ဆိုရင် စည်းကမ်းကိုနားလည်ဖို့လိုတယ်။ ဥပဒေကိုနားလည်ဖို့လိုတယ်။ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်။ ဒီလိုနဲ့ပေါင်းစပ်ပြီးလုပ်မှာဖြစ်ပါတယ်။ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့လိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းမှုများဖြေကြားချက်မှကောက်နုတ်ချက်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်ကျောင်းများသို့ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁

ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)အစိုးရစက်မှုလက်မှုသိပ္ပံ(လွိုင်ကော်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(လွိုင်ကော်)တို့တွင် လာမည့် ပညာသင်နှစ်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်၌ သင်ကြားသင်ယူများ စနစ်တကျနှင့်အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပင်မဆောင်အကြီးစား ပြင်ဆင်ဆောင်ရွက်နေမှု၊ သင်ထောက်ကူပစ္စည်းများ၊ ကွန်ပျူတာခန်း၊ Lab ခန်းနှင့် အလုပ်ရုံတို့ကို ယမန်နေ့က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိန်းကျော်သည် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအံ့မော်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့သည်။

ညနေပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး)ရှိစာသင်ခန်းများ၊ သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းသား၊ ကျောင်းသူအဆောင်များ ပြင်ဆင်ဖြည့်ဆည်းထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီး၊ ဌာနမှူးများနှင့် ဆရာ၊ ဆရာမများကျောင်းဆိုင်ရာများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(တောင်ကြီး)၌ ပင်မဆောင်အကြီးစားပြင်ဆင်ဆောင်ရွက်နေမှု၊ စာသင်ခန်းများ၊ Standard Lab ခန်းများ ပြင်ဆင်နေရာချထားမှု၊ တည်ဆောက်ရေးလုပ်ငန်းခွင်များ၏အဆောက်အအုံများသတ်မှတ်ဇုန်အလိုက် အဆောက်အအုံတည်ဆောက်ထားရှိမှု၊ ကျောင်းသား၊ ကျောင်းသူအဆောင်၊ ဘောလုံးကွင်း ပြေးလမ်းနှင့်ပွဲကြည့်စင်၊ Recreation Centre တည်ဆောက်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆိုင်ရာများမှာကြားခဲ့ကြောင်း သိရသည်။



မြဝတီ

အီဂျစ် အာရပ်သမ္မတနိုင်ငံ ကိုင်ရိုမြို့တွင်ကျင်းပသည့် နဝမအကြိမ် ကိုင်ရိုရေရက်သတ္တပတ်အခမ်းအနား ပြည်ထောင်စုဝန်ကြီးဦးမင်းနောင် ပါဝင်တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၁

အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမင်းနောင်သည် ကိုင်ရိုမြို့တွင် အောက်တိုဘာလ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည့် နဝမအကြိမ် ကိုင်ရို ရေရက်သတ္တပတ်အခမ်းအနား (9th Cairo Water Week, 2026)သို့ ပါဝင်တက်ရောက်ခဲ့သည်။

အောက်တိုဘာလ ၂၅ရက်နံနက်ပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်တင်ရှိန်နှင့်အတူ နဝမအကြိမ် ကိုင်ရို ရေရက် သတ္တပတ် အခမ်းအနား ၂၀၂၆ ဖွင့်ပွဲ တက်ရောက်သည်။

ဖွင့်ပွဲတွင် အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတက ဗီဒီယိုမက်ဆေ့ဖြင့် အမှာစကားပြောကြားပြီး အခမ်းအနား တက်ရောက်လာကြသည့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသတွင်းနိုင်ငံများမှ ဝန်ကြီးအဆင့်ရှိသူများနှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံ ရေအရင်းအမြစ်နှင့်ဆည်မြောင်းဝန်ကြီးတို့က ဂုဏ်ပြုအမှာစကားပြောကြားကြကာ အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ဖွင့်ပွဲအမှာစကား ပြောကြားသည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် သမ္မတနန်းတော်တွင် အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ အဗ္ဒဒယ် ဖာတတ် အယ်လ်စီစီနှင့် ဝန်ကြီးအဆင့်ရှိကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်သည်။

ထို့အတူ အခမ်းအနားနှင့် ဆက်စပ်ဆွေးနွေးပွဲများကိုလည်း တက်ရောက်လေ့လာခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် အီဂျစ်အာရပ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် မြေယာပြုပြင်ရေးဝန်ကြီး H.E. Alaa Farouk နှင့် လည်းကောင်း၊ ရေအရင်းအမြစ်နှင့် ဆည်မြောင်းဝန်ကြီး Dr. Hani Sewilan နှင့်လည်းကောင်းတွေ့ဆုံပြီး နှစ်နိုင်ငံ စိုက်ပျိုးရေးနှင့် ဆည်မြောင်းကဏ္ဍ နည်းပညာဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ထို့ပြင် အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝါစိုက်ပျိုးရေးသုတေသနဌာနကိုလည်းကောင်း၊ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ကာကွယ်ဆေးများထုတ်လုပ်နေမှုနှင့် ဓာတ်ခွဲခန်းများကိုလည်းကောင်း၊ နို့စားနွားမွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ နိုင်းမြစ်ရေဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေးဆောင်ရွက်မှုများနှင့် ရေသုတေသနဆောင်ရွက်နေမှုများကိုလည်းကောင်း လေ့လာကြည့်ရှုခဲ့သည်။

ယင်းအပြင် အီဂျစ်အာရပ်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန General Authority investment and Free Zones (GAIF)မှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁

အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းရှိ စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေး အလုပ်ရုံလည်ပတ်နိုင်ရေး၊ ရိုမက်သံရည်ကျိုမီးဖိုလည်ပတ်နိုင်ရေးတို့အတွက် ညှိနှိုင်းအစည်းအဝေးကို ရှမ်းပြည်နယ်တောင်ကြီးမြို့နယ်အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စက်ရုံအစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အစည်းအဝေးတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ စနစ်တကျဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းစီမံခန့်ခွဲမှုစနစ်ပါလမ်းညွှန်ချက်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေနှင့်စပ်လျဉ်း၍ စီမံကိန်းစီမံခန့်ခွဲမှု စောင့်ကြည့်ဇယားများဖြင့် စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများအား နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်နေရ၍ အချက်အလက် ခိုင်ခိုင်မာမာဖြင့် တိတိကျကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေး အလုပ်ရုံလည်ပတ်နိုင်ရေးအတွက် စက်ပစ္စည်းများ စစ်ဆေးဆောင်ရွက်မှု၊ တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံတို့ကို ရှင်းလင်းတင်ပြမှုအပေါ် လုပ်ငန်းဆိုင်ရာများမှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ယနေ့နံနက်ပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ထုံးကျောက်နှင့်ဒိုလိုမိုက်အလုပ်ရုံတွင် စက်များတပ်ဆင်ထားမှုနှင့် စမ်းသပ်လည်ပတ်နေမှု၊ စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံတွင် ဝန်ထမ်းများနှင့် ပြည်ပကျွမ်းကျင်ပညာရှင်များပူးပေါင်း၍ စက်ပစ္စည်းများ စစ်ဆေးခြင်း၊ တပ်ဆင်ခြင်းများ ဆောင်ရွက်နေမှု၊ ရိုမက်နည်းပညာသုံး သံရည်ကျိုမီးဖိုတွင် စက်ပစ္စည်းများတပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အမျိုးသားပြတိုက်(ရန်ကုန်) ကြည့်ရှုစစ်ဆေး



ရန်ကုန် နိုဝင်ဘာ ၁

ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(ရန်ကုန်)ရှိအမျိုးသားပြတိုက်(ရန်ကုန်) မြေညီထပ်ရှိ သီဟာသနပလ္လင်ပြခန်း၊ သမ္မတအိမ်တော်ပုံစံငယ်ပြကွက် မြန်မာ့အကျင့်ရာနှင့်လက်ရေးမူပြခန်းနှင့် စတုတ္ထထပ်ရှိ ဗုဒ္ဓယဉ်ကျေးမှုပြခန်းများကို ယနေ့နံနက်ပိုင်းတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုးသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ပြခန်းခင်းကျင်းမှုများသည် နှစ်(၂၀)ကျော်ကြာခဲ့ပြီဖြစ်၍ ခေတ်စနစ်နှင့်လျော်ညီသည့်မီး၊ အလင်းအမှောင်၊ ပြကွက်များ ပြင်ဆင်ပြသရန် လိုအပ်ကြောင်း၊ အနာဂတ်မျိုးဆက် ကျောင်းသားလူငယ်များကိုဖိတ်ခေါ်၍ မိမိတို့၏ အမွေအနှစ်များကို ဂုဏ်ယူတန်ဖိုးထားထိန်းသိမ်းလိုစိတ်ဖြစ်အောင် ရှင်းလင်းပြသပေးရန် လိုအပ်ကြောင်း၊ ပြကွက်များ အဆင့်မြှင့်တင်ရင်း ပြကွက်အသစ်များ၊ စုဆောင်းပစ္စည်းအသစ်များလည်း တိုးချဲ့ခင်းကျင်းပြသရန် လိုအပ်ကြောင်း၊ ပြသမှုအလိုက် ရှင်းလင်းချက်အချက်အလက်များ ပြည့်ပြည့်စုံစုံရေးသားရန် လိုအပ်ကြောင်း၊ လုံခြုံရေးအတွက်ပါ စီစဉ်ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော် လမ်းထောင့်ရှိ ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး အဆောက်အအုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)တွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် "သဘင်မာန်ဟုန် ရွှေရန်ကုန်" ဇာတ်တော်ကြီးအဖွဲ့က "ဝိဓူရ" ဇာတ်တော်ကြီး တင်ဆက်ကပြ



ရန်ကုန် နိုဝင်ဘာ ၁

နေပြည်တော်၌ ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)တွင် ရွေတံဆိပ်ဆုရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးဂုဏ်ဆောင် "သဘင်မာန်ဟုန် ရွှေရန်ကုန်" ဇာတ်တော်ကြီးအဖွဲ့က သမားစဉ်နှင့်အညီ တင်ဆက်ကပြဖျော်ဖြေသည့် "ဝိဓူရ" ဇာတ်တော်ကြီး တင်ဆက်မှုကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

တင်ဆက်ကပြဖျော်ဖြေရာတွင် "ဝိဓူရ" ဇာတ်တော်ကြီးကို မြန်မာ့ရိုးရာအစဉ်အလာ သမားစဉ်နှင့်အညီ ဘုရားကန်တော့ခန်းနှင့် ဇာတ်တော်ကြီးသမားစဉ် အပျိုတော်ထွက်ခန်းတို့ဖြင့် အစပျိုးပြီး ဇာတ်တော်လာ အခန်းကဏ္ဍအလိုက် အနုပညာရှင်များက မြိုင်မြိုင်ဆိုင်ဆိုင် ထိထိမိမိဖြင့် ကျရာဇာတ်ရုပ်အလိုက် ဇာတ်ကွက်ပိုင်နိုင်စွာ တင်ဆက်ကပြဖျော်ဖြေခဲ့ကြသည်။

ဇာတ်တော်ကြီးကပြဖျော်ဖြေတင်ဆက်မှုအပြီးတွင် တက်ရောက်လာကြသူများက ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံးအကြား အလယ်မရှိ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးမြို့နယ် နာတိုက်-မကန်နောင်ကျေးရွာချင်း ဆက်အမာခံလမ်း ၄ မိုင်အနက် ၁ မိုင် ၂ ဖာလုံ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ခန္ဓီးမြို့နယ် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ ကျေးရွာ ၅ ရွာမှအိမ်ခြေ ၈၇၈ အိမ်၊ လူဦးရေ ၄၆၆၇ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ မြဝတီ

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ်ရှိ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ယမန်နေ့နံနက်ပိုင်းက မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကိုကျင်းပခဲ့ရာ တာမွေမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် ကော်မတီဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။


အခမ်းအနားတွင် တာမွေမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသားများအား ပုံပိုးငွေများနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

ထို့နောက် တက်ရောက်လာကြသူများသည် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသားများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းတွင် တာမွေမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်တပ်ဖွဲ့သမိုင်းကြောင်းများ၊ မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် လုပ်ငန်းစဉ်(၇)ရပ်၊ မီးသတ်ဆေးဘူး၊ မီးငြှိမ်းသတ်ရေး စက်ကိရိယာအမျိုးမျိုးနှင့် စက်ယန္တရားအမျိုးမျိုးအား လက်တွေ့အသုံးပြုနည်းစနစ်များ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့မှ ကွင်းဆင်းစစ်ဆေးရာတွင် အဓိကစစ်ဆေးဆောင်ရွက်ရမည့်အချက်များ၊ ရေအကြောင်းနှင့် ရေဂါလန်တွက်နည်းများ၊ မီးသတ်တပ်ဖွဲ့ ဥပဒေ/ နည်းဥပဒေများ၊ ရှေးဦးသူနာပြုစုနည်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အောက်တိုဘာလ ၅ ရက်မှ ၃၀ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းကို တာမွေမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးငြှိမ်းသတ်ရေးပညာရပ်များနှင့် ရှာဖွေကယ်ဆယ်ရေးပညာရပ်များကို ကျွမ်းကျင်တတ်မြောက်ပြီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ လုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

နိုင်လင်းအောင်(တာမွေ)



၂၀၂၆ ခုနှစ် နိုဝင်ဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၁

အောက်တိုဘာလ တတိယ(၁၀)ရက်ပတ်အတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းငယ်သည် နိုဝင်ဘာလ ပထမ (၁၀) ရက်ပတ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပို့မိုအားကောင်းလာနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ထပ်မံဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၅ ရက်မှ ၈ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၂ ရက်မှ ၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

ည အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄ ရက်မှ ၈ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ၁ ရက်မှ ၃ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသံတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၂ ပေခွဲခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ၁ ပေခွဲခန့်လက်ရှိရေမှတ်အထက်မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၁ ပေခွဲခန့်၊ ဒဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၂ ပေခွဲမှ ၃ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၂ ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၁ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

မိုးနဲမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ



မိုးနဲ နိုဝင်ဘာ ၁

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှုမရှိစေရေးနှင့် အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို လွိုင်လင်းခေတ်မီစံပြကျေးရွာ၌ နိုဝင်ဘာလ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးမောင်ခိုင်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ လွိုင်လင်း ခေတ်မီစံပြကျေးရွာ၏လက်ရှိရေလုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် လွိုင်လင်းခေတ်မီစံပြကျေးရွာရှိ ရေရရှိရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးရွာသွန်းမှုများ မူမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများအတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး၊ ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကို လေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန်၊ အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များကို အသိပညာပေးဟောပြောပြီးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၇၄ ရွာ၌ အသိပညာပေးခြင်းနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာများသို့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိစေရန် အတွက်ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိန်လွင်(ကျေးလက်)

ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

မြစ်ကြီးနား နိုဝင်ဘာ ၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ခွင်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက အောက်တိုဘာလ ၃၁ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ခံအင်ဂျင်နီယာများက နန်းကွေ့ကျေးရွာ၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူး(မြို့ပြ)က ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်းပြီးစီး၍ ဒေသခံပြည်သူများ အချိန်မီအသုံးပြုနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရန်မှာကြားပြီး လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ



လိုအပ်ချက်များကိုလည်း စနစ်တကျ လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ လုပ်ငန်းပြီးစီးပါက နန်းကွေ့ကျေးရွာအုပ်စုရှိ နန်းကွေ့ကျေးရွာမှ အကျိုးပြု အိမ်ထောင်စု ၈၈၈ စု၊ လူဦးရေ ၄၈၁၂ ဦးတို့အတွက် လူမှုစီးပွားဘဝများ ပို့မို့ဖွံ့ဖြိုးလာမည့်အပြင် ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးလုပ်ငန်းကဏ္ဍများတိုးတက်လာပြီး ဒေသထွက်ကုန်များကို စွေးကွက်သို့ ရာသီမရွေး လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ချမ်းမြေ့**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၁၁-၂၀၂၆(တနင်္လာနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၃။ ၁၂:၄၀ သီချင်းလက်ဆောင်
၄။ ၀၉:၂၅ တစ်ချိန်ကသူတို့အကြောင်း
၅။ ၁၂:၄၀ လူတိုင်းကျန်းမာသိမှတ်စရာ
၆။ ၁၅:၃၀ ပန်းပေါင်းစုံစွာအနုပညာ
၇။ ၁၈:၄၀ ကဏ္ဍစုံလင်ဖွံ့ဖြိုးရေး ဖြည့်ဆည်းစီမံဆောင်ရွက်ပေး

ကျန်းမာရေးနှင့် အလှအပအတွက် အကျိုးများသည့် ထောပတ်သီးအကြောင်း

လွန်ခဲ့သည့် နှစ် ၂၀ ခန့်က ကမ္ဘာတစ်ဝန်း အာဟာရအပြည့်ဝဆုံးသော အသီးတစ်မျိုးအဖြစ် ဂင်းနစ်စံချိန်ဝင်ခဲ့သည့် ထောပတ်သီး၏အသုံးဝင်ပုံ အမျိုးမျိုးနှင့် ကျန်းမာရေးအကျိုးကျေးဇူးများအကြောင်း ဖော်ပြပေးပါမည်။ ထောပတ်သီးကို မြန်မာနိုင်ငံ၌ ဆောင်းရာသီစာအသီးအဖြစ် နှစ်ခြိုက်စွာစားသုံးကြသည်။ ထောပတ်သီး၏ပုံသဏ္ဌာန်မှာ သစ်တော်သီးပုံ၊ ဘဲဥပုံကဲ့သို့ ရှည်မျောမျောနှင့် လုံးဝိုင်းသည့်ပုံစံရှိပြီး အသီး၏ အပေါ်ခွံမှာ မိကျောင်းကျောကုန်းကဲ့သို့ ကြမ်းတမ်းသဖြင့် Alligator Pear ဟုလည်းခေါ်သည်။ Lauraceae သစ်ကြီပိုးမျိုးရင်းဝင်ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Persea Americana ဖြစ်သည်။ ထောပတ်သီးသည် ကယ်လိုရီစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို အဆီမှရရှိပြီး အဆီပါဝင်မှု အများဆုံး သစ်သီးဝလံဖြစ်သည်။ ထောပတ်သီးသည် အရသာရှိပြီး ကျန်းမာရေးနှင့်ညီညွတ်သော အသီးတစ်မျိုးဖြစ်သည့်အပြင် ဖျော်ရည်အဖြစ် ပြုလုပ်သောက်သုံးနိုင်သကဲ့သို့ အသားညှပ်ပေါင်မုန့်မှစ၍ ဟင်းပွဲအမျိုးမျိုးတွင် အသုံးပြုနိုင်သည်။ ထောပတ်သီးသည် စားသုံးရန်တစ်ခုတည်းအတွက်မဟုတ်ဘဲ ခေါင်းလျှော်ရည်၊ ဆပ်ပြာ၊ အသားလှခရင်မ်တို့တွင်လည်း ရောစပ်အသုံးပြုနိုင်သည်။ ထောပတ်သီးအစေ့ကို ရေနွေးဆူဆူတွင်ထည့်ပြုတ်ထားပါက ပန်းရောင်ထွက်သဖြင့် သဘာဝဆိုးဆေးအဖြစ် ချည်ထည်များကို ဆေးဆိုးရာတွင် အသုံးပြုနိုင်သည်။

ရွှေချယ်စရာများသည့် ယနေ့ကာလတွင် သီးနှံအမျိုးပေါင်းများစွာ ရှိသည့်အနက် သီးနှံအရည်အသွေးအာမခံချက်ရှိမှသာ ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်သည်။ သီးနှံအရည်အသွေးဆိုသည်မှာ စားသုံးသူကို ဆွဲဆောင်နိုင်သောပုံပန်းသွင်ပြင်ရှိ၍ စားသုံးရာတွင် အနံ့၊ အရသာ ကောင်းမွန်ခြင်း၊ ပိုးမွှားရောဂါကင်းစင်ခြင်း၊ ဘေးကင်းစိတ်ချရခြင်း၊ ဈေးသင့်တင့်ခြင်း စသောအရည်အသွေးများရှိသင့်သည်။ အဆိုပါအရည်အသွေးများကို အဓိကထောက်ကူပေးနေသည်မှာ မျိုးရွေးချယ်မှုမှန်ကန်ခြင်း၊ စိုက်ခင်းထဲတွင် စနစ်တကျပြုစုစောင့်ရှောက်ခြင်း၊ သီးနှံများ ရင့်မှည့်မှုရှိမှသာ ခူးဆွတ်ခြင်း၊ သင့်လျော်သောနည်းလမ်းဖြင့် ခူးဆွတ်ခြင်း၊ ဂရုတစိုက်ကိုင်တွယ်ခြင်း စသည်တို့အပေါ်မူတည်ပြီး သီးနှံအရည်အသွေးကို အာမခံချက်ပေးနိုင်သည်။ အချိန်မတိုင်မီနှင့် အချိန်လွန်မှ ခူးဆွတ်ခြင်းသည်လည်း ခူးဆွတ်ပြီးနောက် တာရှည်အထားခံနိုင်မှု အပေါ် ဆိုးကျိုးသက်ရောက်စေသည်။

ထောပတ်ပင်သည် ရေမြေရာသီဥတုအေးမြပြီး အသင့်အတင့် စိုစွတ်သည့် တောင်ကုန်းတောင်တန်းဒေသများ၌ အကောင်းဆုံးဖြစ်ထွန်းသည်။ ဗီတာမင်၊ သတ္တုဓာတ်နှင့် အာဟာရဓာတ်များစွာပါဝင်သော ထောပတ်ပင်ကို မြန်မာနိုင်ငံ၌ အဓိကအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ တောင်ကြီး၊ ရွာငံ၊ ဟိုပုံး၊ ပင်းတယ၊ ပင်လောင်း၊ ကလောနှင့် ဖယ်ခုံဒေသတို့၌ စိုက်ပျိုးကြသည်။ တောင်ကြီး၊ ပင်းတယ၊ ရွာငံဘက်မှထွက်သော ထောပတ်သီးများသည် နာမည်ကြီးပြီး ပြည်ပသို့တင်ပို့နိုင်သည်အထိ အရည်အသွေးကောင်းမွန်သည်။ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ရှိ ကုန်းမြင့်ဒေသများ၌ အကြီးအကျယ်စိုက်ပျိုးဖြစ်ထွန်းသည်။



ယခင်က စားသုံးမှုနည်းပါးသဖြင့် စီးပွားဖြစ်စိုက်ပျိုးမှုမရှိခဲ့ကြသော်လည်း ယခုအခါ မြန်မာ့ထောပတ်သီးများမှာ နိုင်ငံတကာမှလက်ခံနိုင်သည့် အရည်အသွေးပြည့်မီခြင်း၊ ဓာတုပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာများ သုံးစွဲမှုနည်းပါး၍ Chemical Residue ဟုခေါ်သည့် ဓာတ်ကြွင်းအာနိသင်နည်းပါးခြင်း၊ နိုင်ငံတကာစွေးကွက်မှ စိတ်ဝင်စားမှုရှိလာခြင်း စသည့်အချက်များကြောင့် ပြည်ပပို့ကုန်အလားအလာရှိသော နှစ်ရှည်သီးနှံတစ်ခုအဖြစ် တိုးချဲ့စိုက်ပျိုးလာကြသည်။

ထောပတ်ပင်စိုက်ပျိုးမှုနှင့်စားသုံးမှုပုံစံ

ထောပတ်ပင်သည် နှစ်ရှည်ပင်ဖြစ်ကာ အပင်ကြီးအမျိုးအစားဖြစ်၍ စိုက်ပျိုးပြီးသုံးနှစ်ခန့်မှ အသီးစသီးသည်။ ထောပတ်ပင်သည် ရေလောင်းပေးရသော်လည်း ရေဝပ်လျှင် အပင်သေတတ်ပြီး အပင်စိုက်ရန်ခက်ခဲသော သဲရောမြေများနှင့် ကျောက်စရစ်မြေပေါ်၌ စိုက်ပျိုးနိုင်သည့် အပင်တစ်မျိုးဖြစ်သည်။ အောက်တိုဘာလမှ ဧန်နဝါရီလအထိ အသီးသီးသည်။ ထောပတ်သီးကို အစိုဓာတ်ဝင်၍ ပျက်စီးမှုမဖြစ်စေရန် စက္ကူဖြင့် တစ်လုံးချင်းပတ်၍ လေလုံစက္ကူဟုံးတွင်း၌ သိုလှောင်သိမ်းဆည်းခြင်းဖြင့် ပုပ်သိုးပျက်စီးခြင်းမှ ကာကွယ်နိုင်သည်။

မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများ၌ ထောပတ်သီးစားသုံးမှုပုံစံမှာ သိသာစွာကွဲပြားသည်။ မြန်မာနိုင်ငံ၌ အချိုအဖြစ် စားသုံးမှုများပြီး ပြည်ပနိုင်ငံများ၌ အငန် သို့မဟုတ် ဟင်းလျာအဖြစ် ပိုမိုစားသုံးကြသည်။

ထောပတ်သီးတွင်ပါဝင်သောအာဟာရတန်ဖိုးများ

သစ်သီးအများစုတွင် ကာဗိုဟိုက်ဒရိတ် (သကြားဓာတ်) အတန်အသင့်နှင့် အမျှင်ဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ် စသည်တို့ ကြွယ်ဝစွာပါဝင်သော်လည်း ပရိုတင်းနှင့် အဆီဓာတ်ကြွယ်ဝစွာပါဝင်သည့်အသီးမှာ ရှားပါးသည်။ ထောပတ်သီးတွင် တခြားသစ်သီးများကဲ့သို့ အမျှင်ဓာတ်များ၊ ဗီတာမင် -K၊ ဗီတာမင်-E၊ ဗီတာမင်-C၊ ဗီတာမင်-B6 နှင့် သတ္တုဓာတ် ၂၀ နီးပါးပါဝင်သည့်အပြင် ထူးခြားစွာ အဆီဓာတ်ကြွယ်ဝစွာပါဝင်နေသည်။ အဆီဓာတ်ကြွယ်ဝသော်လည်း ထောပတ်သီးတွင်ပါဝင်သည့် အဆီဓာတ်အများစုသည် ကျန်းမာရေးကိုမထိခိုက်စေဘဲ ကောင်းကျိုးပြုနိုင်သည့် မပြည့်ဝဆီအမျိုးအစားဖြစ်ပြီး အထူးသဖြင့် နှလုံးကျန်းမာရေးကို အထောက်အကူပြုသည့် Oleic acid (အိုလီရစ်အက်စစ်) အများအပြားပါဝင်ကာ ခန္ဓာကိုယ်အတွက် ကောင်းမွန်သည့်အဆီဓာတ်ဖြစ်သည်။ ထို့ပြင် ထောပတ်သီးတွင် ပိုတက်ဆီယမ်ဓာတ်လည်း ကြွယ်ဝစွာပါဝင်ပြီး သုတေသနတစ်ခု၏အဆိုအရ ထောပတ်သီးတွင် ငှက်ပျောသီးတွင် ပါဝင်သောပိုတက်ဆီယမ်ထက် ပိုမိုပါဝင်ပြီး ခန္ဓာကိုယ်ဆဲလ်များတွင် ရှိသည့် လျှပ်စစ်ဓာတ်များကို ထိန်းသိမ်းပေးကာ မရှိမဖြစ်လုပ်ဆောင်ချက်အမျိုးမျိုးကို လုပ်ဆောင်ပေးသည်။

အလှအပအတွက် ထောပတ်သီးအစေ့

ထောပတ်သီးသည် အသားသာမက အစေ့လည်းအသုံးဝင်သည်။ ထောပတ်သီးအစေ့ကို ရေစင်အောင်ဆေး၍ နေလှန်းပါက နှစ်ရက်ခန့် ကြာလျှင် အပေါ်ယံအခွံကြွတက်လာသည်။ ထိုအခွံကိုဖယ်ရှားပြီး သံချေးရောင်ဖြစ်သည်အထိ သုံးပတ်မျှ ဆက်လက်နေလှန်းကာ အလှအပရေးရာအတွက်အသုံးပြုနိုင်သည်။ အခြောက်လှန်းထားသော ထောပတ်သီးအစေ့ကို ကျောက်ပျဉ်ပေါ်တွင်သွေးကာ မျက်နှာပေါ်၌ လိမ်းခြင်းအားဖြင့် ဝက်ခြံကြောင့်ကျန်ခဲ့သော အစက်အပြောက်များ ပျောက်ကင်းပြီး အသားချောမွေ့စေကာ အရေးအကြောင်းများ သက်သာစေသည်။

ထောပတ်သီးအစေ့ကို ပျားရည်နှင့် သံလွင်ဆီရောရ၍ သွေးလိမ်းပြီး နာရီဝက်ခန့်ကြာလျှင် မျက်နှာပြန်သစ်ပေးခြင်းဖြင့် မျက်နှာအရေပြားတင်းရင်းစေကာ တင်းတိပ်များ ပျောက်ကင်းစေသည်။ ထို့ပြင် အခြောက်မလှန်းရသေးသော ထောပတ်သီးအစေ့ကို အမှုန့်ကြိတ်၍ ကြက်ဆူဆီထည့်မွှေပြီး တစ်ရက်ခန့်နပ်ကာ ဦးရေပြားတွင်လိမ်းပေးပြီး နာရီဝက်ခန့်ကြာလျှင် ခေါင်းလျှော်ပါက ထောပတ်သီးအစေ့မှ အဆီဓာတ်များသည် ဦးရေပြားနှင့်ဆံပင်ကို လွှမ်းခြုံမိသဖြင့် ဗောက်ကင်းစင်တောက်ပြောင်သော ဆံကေသာကိုရရှိနိုင်သည်။ သို့သော် အဆီပြန်တတ်သော ဆံကေသာပိုင်ရှင်များအတွက် အဆီပိုမိုထွက်စေသဖြင့် ဆင်ခြင်သုံးစွဲသင့်သည်။

ထောပတ်ရွက်လက်ဖက်ရည်၏အကျိုးကျေးဇူးများ

ထောပတ်သီးသာမက ထောပတ်ရွက်တွင်လည်း ကျန်းမာရေးအကျိုးကျေးဇူးများစွာရှိကြောင်းပြသထားသည့် Flavonoid အပါအဝင် ဒြပ်ပေါင်းများစွာပါဝင်သည်။ ထောပတ်ရွက်များကို အကျိုးပြုလက်ဖက်ခြောက်ပြုလုပ်အသုံးပြုနိုင်သည်။ ထောပတ်ရွက်လက်ဖက်ရည်သည် ရောင်ရမ်းမှုကိုဆန့်ကျင်သည့်ဂုဏ်သတ္တိများရှိပြီး အအေးမိ၊ တုပ်ကွေးကုသရာတွင် အထောက်အကူဖြစ်စေသည်ဟုဆိုသည်။ တချို့နိုင်ငံများ၌ ဟင်းချိုနှင့်စွပ်ပြုတ်များတွင် ကျန်းမာရေးအကျိုးကျေးဇူးများသော ထောပတ်ရွက်ကို အသုံးပြုကြသည်။

ဒေါက်တာလပြည့်ခင်

သွင်းအားစုဓာတ်မြေဩဇာ၊ မျိုးစပါးနှင့် ဆီထွက်သီးနှံမျိုးစေ့များပေးအပ်

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကုလားတန်းကျေးရွာအုပ်စု၌ သွင်းအားစုဓာတ်မြေဩဇာ၊ မျိုးစပါး၊ ဆီထွက်သီးနှံနေကြာနှင့် ပဲပုပ်မျိုးစေ့များ ပေးအပ်ပွဲကို အောက်တိုဘာလ ၃၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဒေါက်တာထူးမောင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးညွှန့်နွယ်က ခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်နှင့် တာဝန်ရှိသူများက တောင်သူများသို့ သွင်းအားစုဓာတ်မြေဩဇာ၊ မျိုးစပါး၊ ဆီထွက်သီးနှံ နေကြာနှင့်ပဲပုပ်မျိုးစေ့များ ပေးအပ်ရာ တောင်သူများက လက်ခံရယူကြကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

ဆင်မကြီးမိုမို၏ ၇၃ နှစ်ပြည့်မွေးနေ့ပွဲ တိရစ္ဆာန်ဥယျဉ်(ရန်ကုန်)၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ ပြည်သူ့အချစ်တော် ဆင်မကြီးမိုမို၏ ၇၃ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် နိုဝင်ဘာလ ၁ ရက်တွင် တခြားဆင်များနှင့်အတူ သစ်သီးကိတ်မုန့်ခွဲ၍ ကျင်းပသည်။

အားလုံးအတူပျော် မိုမိုမွေးနေ့ပွဲတော်ဟူသော ခေါင်းစဉ်ဖြင့် အောက်တိုဘာလ ၃၀ ရက်မှ နိုဝင်ဘာလ ၂ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး မွေးနေ့ပွဲလာရောက်သော ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက မွေးနေ့သီချင်းများ သီဆိုပေးကြသည်။

အဆိုပါပွဲတော်တွင် ရှမ်းရိုးရာအကအလှများ၊ ပျော်စရာဂိမ်းအစီအစဉ်များ၊ တေးဂီတဖျော်ဖြေပွဲများနှင့် ဒေသထွက်အစားအစာရောင်းချခြင်းများ ထည့်သွင်းကျင်းပလျက်ရှိသည်။

ဆင်မကြီးမိုမိုသည် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ အသက်ခုနစ်နှစ်ခန့်ကတည်းက ရောက်ရှိလာခြင်းဖြစ်ပြီး ယခုအခါ အသက် ၇၃ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ဆင်မကြီးမိုမိုသည် မြန်မာနိုင်ငံအတွင်း တိရစ္ဆာန်ဥယျာဉ်များ၌ စောင့်ရှောက်ထားသည့် သက်တမ်းအရှည်ဆုံးဆင်မကြီးဖြစ်သည်။

မိုမိုသည် နာမည်ခေါ်လျှင် တုံ့ပြန်တတ်ခြင်း၊ ကပြနိုင်ခြင်း စသည့် ထူးခြားချက်များဖြင့်



ဆယ်စုနှစ်များစွာတိုင်အောင် ဖျော်ဖြေ၍ ပြည်သူများ၏အချစ်ကိုရရှိခဲ့ပြီး တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ သင်္ကေတတစ်ခုလည်းဖြစ်သည်။ အသက်အရွယ်ကြီးရင့်လာသဖြင့် ၂၀၁၃ ခုနှစ်(အသက် ၆၀ ပြည့်နှစ်)ကတည်းက ဖျော်ဖြေရေးလုပ်ငန်းများမှ အနားယူပြီး လက်ရှိတွင် ဥယျာဉ်အတွင်းရှိ တခြားဆင်များနှင့်အတူ အေးချမ်းစွာနေထိုင်လျက်ရှိကြောင်း သိရသည်။

လင်းခန့်

အသက် ၂၃ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



မင်းဘူး နိုဝင်ဘာ ၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၌ ပိုက်ကျော်ခြင်းအားကစားပို့မိုတွင် ကျယ်လာစေရန်နှင့် အနာဂတ်မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်ကျင်းပသည့် ၂၀၂၆ ခုနှစ် မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား (၅) မြို့နယ် အသက် ၂၃ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာလ ၃၁ ရက်က မင်းဘူးမြို့ခရိုင်အားကစားကွင်းအတွင်းရှိမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာအမျိုးသမီးသုံးယောက်တွဲဗိုလ်လုပွဲစဉ်အဖြစ် ငဖဲမြို့နယ်အသင်းနှင့်ပွင့်ဖြူမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ငဖဲမြို့နယ်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ အမျိုးသားလေးယောက်တွဲ ဗိုလ်လုပွဲစဉ်အဖြစ် မင်းဘူးမြို့နယ်အသင်းနှင့် စလင်းမြို့နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ စလင်းမြို့နယ်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်လည်း ကောင်းအနိုင်ရရှိသည်။ အဆိုပါ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်နေမှုကို မင်းဘူးခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့်အားကစားဝါသနာှင့်ပရိသတ်များက လာရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌခရိုင်အုပ်ချုပ်ရေးမှူးဦးအေးလွင်နှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းအကောင်းဆုံးအားကစားသမားဆုများနှင့် ပြိုင်ပွဲတွင်ဆုရရှိသော အသင်းများအားဆုဆွဲပြား၊ ငွေသားဆုနှင့် ဆုဖလားများကိုပေးအပ်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

ဆီထွက်သီးနှံဆောင်းမြေပဲ ဧက ၇၀၀၀ ကျော်စိုက်ပျိုးမည်



ပေါင်းတည် နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှစားအုန်းဆီတင်ကုန်းမှုလျှော့ချနိုင်ရေးတို့အတွက် ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံဆောင်းမြေပဲ ဧက ၇၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပေါင်းတည်မြို့နယ်၌ ဆီထွက်သီးနှံများအပါအဝင် အခြားသီးနှံများကို မြေအစိုဓာတ်မကုန်မီ ဆောလျင်စွာ စိုက်ပျိုးနိုင်ရေးနှင့် သက်တမ်းတိုသီးနှံများ စိုက်ပျိုးနိုင်ရေးကို စိုက်ပျိုးရေးဦးစီးဌာနက နှိုးဆော်ထားရာ ယနေ့အထိ ဆောင်းမြေပဲ ဧက ၅၇၉၇ စိုက်ပျိုးပြီးစီးခဲ့သည်။

ပေါင်းတည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်အယ်လ်နီညိုဖြစ်စဉ်ကြောင့် သီးနှံများထိခိုက်ပျက်စီးမှုရှိနိုင်၍ သဘာဝဘေးဒဏ်ကိုကာကွယ်နိုင်သည့် ခံနိုင်ရည်ရှိသော သီးနှံမျိုးများ ရွေးချယ်စိုက်ပျိုးခြင်းနှင့် ကာလတိုသီးနှံများစိုက်ပျိုးခြင်းတို့ကို အခြေအနေအရ ပြောင်းလဲစိုက်ပျိုးတတ်ရန် လိုအပ်ကြောင်းကို သီးနှံများအယ်လ်နီညိုဒဏ်ကာကွယ်ရေးနည်းပညာပေးကွင်းဆင်းဟောပြောပွဲများ၌ တောင်သူများအား အသိပေးခြင်းများကို ဆောင်ရွက်ကြောင်း သိရသည်။ **ရွှေသား(IPRD)**

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုစစ်ဆေး

မန္တလေး နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္မဝတီရပ်ကွက်သာမိုးရပ်နှင့် အမရပူရမြို့နယ် မှန်တန်းရပ်ကွက်တို့၌ မီးဘေးကြိုတင်ကာကွယ်ရေးနှင့်မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများကို အောက်တိုဘာလ ၃၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက စစ်ဆေးကြသည်။

ရှေးဦးစွာမန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ ချမ်းမြသာစည်မြို့နယ်နှင့် အမရပူရမြို့နယ်တို့မှ မီးသတ်ဦးစီးမှူးနှင့် သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်း မီးဘေးအန္တရာယ်မဖြစ်စေရေး နေအိမ်များအား တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ ရပ်ကွက်အတွင်း ရေရရှိရေးနှင့် မီးသတ်ယာဉ်ဝင်ထွက် သွားလာနိုင်သည့် လမ်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် နေအိမ်နှင့် လုပ်ငန်းများ မီးဘေးလုံခြုံရေးအတွက် မီးသတိမူရေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးကြောင်း သိရသည်။



မောင်ပြည်သူ(မန္တလေး)

ရွှေအင်းဝက အိုး-စာဆို

- “ရှင်မဟာသီလဝံသ” ကဗျာအရာ
  သဒ္ဒါမှာတော့ “ရှင်ကစ္စည်း”။
  ရွေးအမွေ ရွေးစာပေနှင့်
  ရွေးသန္နေ စံတင်တဲ့
  ဂန္ဓဝင်ခရီး။
- “ကိုးခန်းပျို့” ထိပ်တန်းဝင်
  စာဆိုလျှင်“ရှင်မဟာရဋ္ဌသာရ”။
  တရားဓမ္မာ အတွေးတွေနဲ့
  စကားတန်ဆာ ဖွေးပြန်တော့
  မွေးကျံလို့လှ။
- “ရှင်သူရဲ”စစ်ချီရတု
  ရွေးကျမှု စာပလွေ။
  မျိုးဂုဏ်မာန် ပျိုရွယ်လူး
  စစ်ဦးအောင်စေ။
  တို့ချစ်တဲ့ မြန်မာ့မြေ
  ဝေပါစေ အမြဲ။
  မြို့ပြည်ရွာ အဖျက်ဘေးကိုဖြင့်
  အသက်ပေးကာ သွေးချွေးအပ်လို့
  ပေးဆပ်ဖို့ရဲ့။
- “မိညို”“မိဖြူ” ကိုယ်ရည်သွေး
  အပြိုင်ရေးခဲ့ ရတုစာ။
  မိန်းမသားပေမယ့်
  အားမငယ်ပါ။
  ရေးတဲ့ တွေးတဲ့စာ
  စေတနာ ခွန်အားပေး။
  အခြေသတင်းစ အနေအခင်းလှ
  ရွှေအင်းဝက စာဆိုများကိုဖြင့်
  လေးစားတယ်လေး။ ။

ရွှေမြိုင်ပြုံးလှဲမော်

MWD Education, Knowledge & Sports Channel

၂-၁၁-၂၀၂၆ (တနလာ်နေ့)

၁။	၀၇:၀၀ –	၀၇:၅၀	Grade – 3	မြန်မာစာ၊ အင်္ဂလိပ်စာ သချာ၊ လူမှုရေး၊ သိပ္ပံ
၂။	၁၇:၅၀ –	၁၈:၃၀	Grade – 7	မြန်မာစာ
၃။	၁၅:၃၀ –	၁၉:၁၀	Grade – 7	အင်္ဂလိပ်စာ၊ သချာ(၁)၊ သချာ(၂)
၄။	၁၉:၁၀ –	၂၀:၄၀	Grade – 7	ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် အသိပညာပေး (၄) မိနစ်စာ Animation Video ပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီသည် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အဖြစ် **မသန်စွမ်းသူများအပေါ်လှောင်ပြောင်သရော်မှုပယ်ဖျောက်စေရေးနှင့် လူ့အခွင့်အရေးအပေါ် အခြေခံသည့် (Right Based) အမြင်ပုံနှိပ်စေရေး အသိပညာပေး Animation Video ပြိုင်ပွဲ**ကို ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင် Animation Video ကိုအောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ပြိုင်ပွဲအကြောင်းအရာကိုပေါ်လွင်အောင် ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

(ခ) ယှဉ်ပြိုင်မှုခေါင်းစဉ်နှင့် သရုပ်ဖော်ပြသချက်၊ စကားပြောများကို မြန်မာဘာသာဖြင့်သာဖော်ပြရမည်။

(ဂ) (၄) မိနစ်စာ (Animation Video) ဖန်တီးယှဉ်ပြိုင်ရမည်။

(ဃ) Animation Video ထုတ်လုပ်၍ရသည့် မည်သည့်နည်းလမ်းဖြင့်မဆို ဖန်တီးယှဉ်ပြိုင်နိုင်သည်။

(င) https://www.moswrr.gov.mm/awareness//movie-clip?Page=1 website ရှိ အသိပညာပေး movie များကို နမူနာကြည့်ရှု၍ ဖန်တီးယှဉ်ပြိုင်ရမည်။

(စ) File Format သည် mp4/ wmv/ avi ၊ အနည်းဆုံး Full HD 1920x1080 pixels ၊ RGB အရောင်သတ်မှတ်ချက်နှင့် File Size သည် 1GB ထက်မပိုစေရ။

(ဆ) သရုပ်ဖော်တင်ဆက်မှုနှင့် အစီအစဉ်တင်ဆက်မှုတို့သည် ဇာတ်လမ်းဇာတ်ကွက်နှင့်လိုက်လျောညီထွေမှုရှိပြီး မြန်မာ့ယဉ်ကျေးမှု၊ လူနေမှုပုံစံတို့ကို ထင်ဟပ်ဖော်ပြနိုင်ရမည်။

(ဇ) Animation Video အတွက် ခေါင်းစဉ်ပါအကြောင်းအရာနှင့် သက်ဆိုင်သည့် ဖော်ပြချက်များအပြင် အများပြည်သူအတွက် ပိုမိုသိသင့်ပြီး အကျိုးရှိစေမည့် ဆက်စပ်သတင်းအချက်အလက်များကိုလည်း ထပ်မံဖြည့်စွက် ဖော်ပြနိုင်ပါသည်။

(ဈ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ဖော်ပြထားပြီးသော Animation မဟုတ်ကြောင်း၊ ကိုယ်တိုင်ဖန်တီးထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့်ပြိုင်ပွဲဝင်၏ ကိုယ်ရေးအချက်အလက်အကျဉ်းတို့အား ပေးပို့ရမည်။

(ည) ဆုရသည့် ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးဦးစီးဌာနသို့ အပြီးပိုင်လွှဲပြောင်းပေးရမည်။


(ဋ) သတ်မှတ်ရက်ကျော်လွန်ရောက်ရှိသော၊ သတ်မှတ်ချက်များနှင့်မပြည့်စုံသော Animation Video များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရ Animation Video ကို သင့်လျော်သည့်နေရာတွင် အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသော Animation Video များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင် Animation Video များကို ပညာရှင်များပါဝင်သောစီစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စီစစ်ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်သူ၏ Animation Video Soft copy ကို Email (သို့မဟုတ်) DVD (သို့မဟုတ်) VCD ဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ စာပို့ဝန်ဆောင်မှုဖြင့်ဖြစ်စေ အမည်၊ နိုင်ငံသားစီစစ်ရေးကတ်မိတ္တူ။ ပြိုင်ပွဲဝင်လျှောက်လွှာ၊ ဝန်ခံကတိပြုလွှာတို့နှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၃)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၄၆၀၄၊ အီးမေးလ်လိပ်စာ vulnerablegroup.moswrr@gmail.com၊ vulnerablegroup.dor@gmail.com သို့ ၁၃.၁၁.၂၀၂၆ ရက်နေ့၊ ညနေ(၁၆:၀၀)နာရီနောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၅။ မသန်စွမ်းသူများအားလုံးပါဝင်နိုင်သည့် လူမှုအဖွဲ့အစည်း Inclusive ဖြစ်စေရေးလုပ်ငန်းတစ်ရပ်အဖြစ် ပြည်သူလူထုအသိပညာပေးလုပ်ငန်းတွင် မိမိ၏ပါဝါသနာ၊ ကျွမ်းကျင်မှုကိုအခြေခံ၍ တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီထောက်ပံ့မှုပြုသောအားဖြင့် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် Animation Video ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ပေးပါရန် တန်ဖိုးထားအလေးဂရုပြု ဖိတ်ခေါ်အပ်ပါသည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာန



ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ
အသိပညာပေး၊ Animation Video ပြိုင်ပွဲဝင်လျှောက်လွှာနှင့် ဝန်ခံကတိပြုလွှာ

၁။ အမည် -
၂။ ကျား/မ -
၃။ မွေးသက္ကရာဇ် -
၄။ အသက် -
၅။ နိုင်ငံသားစီစစ်ရေးကတ်ပြားအမှတ် -
၆။ လူမျိုး/ဘာသာ -
၇။ ပညာအရည်အချင်း -
၈။ လက်ရှိအလုပ်အကိုင် -
၉။ အဖအမည် -
၁၀။ နိုင်ငံသားစီစစ်ရေးကတ်ပြားအမှတ် -
၁၁။ အမိအမည် -
၁၂။ နိုင်ငံသားစီစစ်ရေးကတ်ပြားအမှတ် -
၁၃။ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ -
၁၄။ ဆက်သွယ်ရမည့်ဖုန်းနံပါတ် -
၁၅။ အီးမေးလ် -

၁၆။ မိမိသည် ပြန်လည်ထူထောင်ရေးဦးစီးဌာန မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အသိပညာပေး၊ Animation Video ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အောက်ဖော်ပြပါအချက်များကို သိရှိပါကြောင်းနှင့် သဘောတူလက်ခံပါကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးပါသည်-

(က) မိမိ၏ပြိုင်ပွဲဝင် Animation Video ကို တင်သွင်းသည့်အခါ မူပိုင်ခွင့်ကိုပိုင်ဆိုင်ကြောင်းနှင့် အခြားသူများ၏ ဉာဏ်အခွင့်အရေးကိုချိုးဖောက်မှုမရှိကြောင်း၊

(ခ) မိမိအနေဖြင့် အခြားသူများ၏ မူပိုင်ခွင့်များကိုချိုးဖောက်၍ ပြိုင်ပွဲဝင် Animation Video များတွင်ထည့်သွင်းအသုံးပြုခြင်းကြောင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ပြိုင်ပွဲစီစဉ်ကျင်းပသည့် အဖွဲ့အစည်းများနှင့် စီစစ်ရွေးချယ်ရေးကော်မတီတို့နှင့် သက်ဆိုင်မှုမရှိကြောင်း၊

(ဂ) မိမိ၏ပြိုင်ပွဲဝင် Animation Video ကို လိုအပ်ပါက တည်းဖြတ်ခြင်း၊ မှတ်ချက်များ၊ ရှင်းလင်းချက်များ ထည့်သွင်းခြင်းနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ မသန်စွမ်းသူများအရေး ဆောင်ရွက်သောလုပ်ငန်းများအတွက် အသုံးပြုခြင်းကိုခွင့်ပြုကြောင်း၊

(ဃ) ပြိုင်ပွဲဝင် Animation Video ကိုသုံးသပ်အကဲဖြတ်ခြင်းနှင့် ပြန်လည်ပေးအပ်ခြင်းများ ဆောင်ရွက်ပေးနိုင်မည်မဟုတ်သည်ကို သိရှိပါကြောင်း၊

(င) ပြိုင်ပွဲသို့တင်သွင်းသည့် Animation Video မှကောင်းနိုးရာရာကိုထုတ်နုတ်၍ ပြန်လည်ထူထောင်ရေးဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် မသန်စွမ်းသူများအခွင့်အရေးအတွက် အသိပညာပေးလုပ်ငန်းတွင် အသုံးပြုရာ၌ကာယကံရှင်၏ သီးသန့်ခွင့်ပြုချက် ထပ်မံတောင်းခံနိုင်မည်မဟုတ်သည်ကို သိရှိပါကြောင်း။

လက်မှတ် .....
အမည် .....
နိုင်ငံသားစီစစ်ရေးကတ်ပြားအမှတ် .....
ရက်စွဲ .....

၂၀၂၆ ခုနှစ် နိုဝင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၁

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အောက်တိုဘာလတတိယ ၁၀ ရက်ပတ်အတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းငယ်သည် နိုဝင်ဘာလ ပထမ ၁၀ ရက်ပတ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ထပ်မံဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၂ ဒီဂရီဖာရင်ဟိုက်မှ ၉၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၅၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

လေထုစိုထိုင်းဆအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၆၈ ရာခိုင်နှုန်းမှ ၇၉ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ

ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၂၃ မိလီမီတာမှ ၃၄ မိလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် ၃၅ မိလီမီတာမှ ၄၆ မိလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

မြေဆီလွှာအောင်းရေအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင် (ခြောက်သွေ့) အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိနိုင်သည်။ **(မိုး/၈လ)**

အလုပ်သမားဆေးရုံ(ထန်းတပင်)၌ နာတာရှည်ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမား လူနာများအား ကျောက်ကပ်သွေးသန့်စင်ဆေးကြောသည့် ဝန်ဆောင်မှုစတင်ဆောင်ရွက်



ရန်ကုန် နိုဝင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီးထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံ(ထန်းတပင်)၌ ပြင်ပလူနာကုသမှု၊ ဆေးရုံတက် လူနာကုသမှု များ၊ နာတာရှည်ကျောက်ကပ်ရောဂါခံစားနေရသော အာမခံအလုပ်သမားလူနာများအား ကျောက်ကပ်သွေးသန့်စင် ဆေးကြောသည့် ဝန်ဆောင်မှုစတင်ဆောင်ရွက်နိုင်မှုအခြေအနေကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်နေသော အာမခံအလုပ်သမားလူနာများအား အလှူငွေများ ထောက်ပံ့ပေးအပ်သည်။

နာတာရှည်ကျောက်ကပ်ရောဂါခံစားနေရသောလူနာများ များပြားလာသည့်အတွက် လိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့မှ ကျောက်ကပ်ရောဂါခံစားနေရသောအာမခံအလုပ်ဌာနလူနာများအနေဖြင့် အလုပ်သမားဆေးရုံကြီး(ရန်ကုန်)သို့ သွားရောက်ရန် မလိုအပ်ကြောင်း၊ အလုပ်သမားဆေးရုံ(ထန်းတပင်)တွင် ကျောက်ကပ်သွေးသန့်စင်ခြင်းဝန်ဆောင်မှုကို လွယ်ကူစွာ ရယူခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးဌာနသည်လိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ လူမှုဖူလုံရေးအဖွဲ့နှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်ပြီး အာမခံအလုပ်သမားများအား ကျန်းမာရေးဝန်ဆောင်မှုပေးအပ်နေသည့် လူမှုဖူလုံရေးစံရတနာဆေးရုံ၌ ဆေးရုံ၏ ပြင်ပလူနာကုသမှုများ၊ သားဖွားမီးယပ်ပြင်ပလူနာကုသမှု၊ မီးဖွားဝန်ဆောင်မှုများ၊ ဓာတ်ခွဲ၊ ဓာတ်မှန် ဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယခုကဲ့သို့စာချုပ်ဆေးရုံဖွင့်လှစ်ပေးခြင်းဖြင့် အာမခံအလုပ်သမားများအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုများ အားလုံးရရှိနိုင်ခြင်း၊ စိုက်ထုတ်ကုန်ကျရမှုမရှိဘဲ ဆေးရုံ၏ ဝန်ဆောင်မှုများအား ရရှိသဖြင့် ကျန်းမာရေးကြောင့် ဖြစ်ပေါ်လာမည့် လူမှုဒုက္ခများကို လျော့ပါးသက်သာစေပြီး နိုင်ငံအတွက်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်ပေါင်း ၁၃ဖြ မြို့နယ်ရှိ အကျိုးဝင်အာမခံအလုပ်ဌာနများ ၁ဒသမ ၃၇ သန်းခန့်၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လက်ရှိအခြေအနေတွင် လူမှုဖူလုံရေးအဖွဲ့ ပိုင်ဆေးရုံကြီးသုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉ဖ ခန်း၊ ဌာနကြီးဆေးခန်း ၆၂ ခန်း၊ စာချုပ်ဆေးခန်း ၇၁ ခန်း၊ သားဖွားမီးယပ်ဝန်ဆောင်မှုဆောင်ရွက်နေသော ဆေးခန်းရုစ်ခန်း၊ တိုင်းရင်းဆေးခန်းတစ်ခန်းတို့အပြင် ရွှေလျားဆေးကုသယာဉ်လေးစီးဖြင့် အလုပ်ဌာနအရောက် ကွင်းဆင်းဆေးကုသခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အာမခံအလုပ်သမားများ၏ ရောဂါအခြေအနေအရ နိုင်ငံပိုင်ဆေးရုံကြီးများတွင် ပြသပြီး စိုက်ထုတ်ကုန်ကျခဲ့သော ဆေးဖိုးကုန် ကျစရိတ်များကို စိစစ်၍ သတ်မှတ်ချက်များနှင့်အညီ ပေးအပ်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် အကျိုးဝင် အာမခံအလုပ်သမား ၁၀၂၉၅၃ ဦး၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၊ အလုပ်သမားဆေးရုံ(ထန်းတပင်)၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၂၂ ခန်း၊ တိုင်းရင်းဆေးကုခန်းတစ်ခန်း၊ ဌာနကြီးဆေးခန်း ၂၁ ခန်း၊ စာချုပ်ဆေးခန်း ၅၂ ခန်း၊ မီးဖွားခြင်းဝန်ဆောင်မှုဆောင်ရွက်သည့် စာချုပ်ဆေးရုံ၊ သားဖွားခန်းငါးခန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၌ လူနာပြသသည့်အကြိမ်ရေ ၆၉၇၅၂ အတွက် ဆေးကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ကာ ဆေးဖိုးတင်ပြတောင်းခံသည့် အကြိမ်ရေ ၂၂၁၆ဖ အတွက် ကျပ်သိန်း ၂၄၆၂ ဒသမ ၄၂၅ ပေးအပ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

၁-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း "မူရားစု (MURASU)" လမ်းကြောင်းပြမြေပုံ



➤ ဆိုင်ကလုန်းမုန်တိုင်းမှ

မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်တက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) "မူရားစု" (MURASU) အဖြစ်သို့ရောက်ရှိခဲ့သည်။ အဆိုပါဆိုင်ကလုန်းမုန်တိုင်း "မူရားစု"သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၉၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၀၅ မိုင်ခန့်နှင့် မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၃၄၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟို ပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း"မူရားစု"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

ဆိုင်ကလုန်းမုန်တိုင်း"မူရားစု"၏ တည်နေရာ၊ဗဟိုချက်လေဖိအား နှင့် လေတိုက်နှုန်း


အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"သည် မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန်တွင် မြောက်လတ္တီကျူ ၁၂ ဒသမ ၁ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၅ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့် ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်နှုန်းခန့်ဖြစ်သည်။

နောက်၄၈ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"သည်အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာလ ၂ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) အဖြစ်သို့ရောက်ရှိနိုင်ပြီး နိုဝင်ဘာလ ၃ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်း ကမ်းခြေကို နယ်လိုရီမြို့နှင့် နာစာပါမြို့တို့ အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးနှိုးဆော်ချက်

ဆိုင်ကလုန်းမုန်တိုင်း"မူရားစု"၏အရှိန်ကြောင့် ယနေ့ညနေမှ နိုဝင်ဘာလ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိုပိစိုပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။



မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါ၊ ရန်နှင့်ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)



● ရှေ့ဖုံးမှအဆက်

အဆိုပါထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် ပြည်ပရောက်မြန်မာနိုင်ငံလုပ်သားများ၏ ငွေလွှဲပို့မှုများကို အဆင်ပြေချောမွေ့စေရေးဆောင်ရွက်ပေးသွားရန် အဖွဲ့ဝင်နိုင်ငံများသို့တိုက်တွန်းကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကျန်ရှိသည့်အချက် ၂ ချက်အား ပြီးပြတ်အောင်ဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှုနှင့် တရားမဝင်ငွေကြေးစီးဆင်းမှုများကို ထိထိရောက်ရောက်တားဆီးရေး တိုက်တွန်းထားပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက ဦးဆောင်ဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ FATF အဖွဲ့ဝင်နိုင်ငံကြီးများက ထောက်ခံဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၁-၁၁-၂၀၂၆)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက် ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

နိုင်ငံ့ကျောရိုးဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့်အနာဂတ်မြန်မာ့လူမှုစီးပွား

ကိုဘုန်း

- **မြေဆီလွှာကောင်း၍ ရာသီဥတုမျက်နှာသာပေးသည့်တိုင် မျိုးမကောင်းလျှင် အပင်သန်မည်မဟုတ်ပေ။ ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီပြီး ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသည့်မျိုးများကို ရွေးချယ်ရန်လိုအပ် . . .**
- **ပြည်တွင်းပြည်ပကပါ အရည်အသွေးကိုလက်ခံအသိအမှတ်ပြုထားရသည့် ပေါ်ဆန်းဆန်ကဲ့သို့သော မွေးပျံ့သည့်စပါးမျိုးများကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးခြင်းသည် အကောင်းဆုံးသာဓကဖြစ်၊ သာမန်စပါးဆယ်ကေစိုက်ပျိုးရမည့် အချိန်နှင့်လုပ်အား ကို အရည်အသွေးမြင့်စပါးမျိုးငါးကေတွင် စနစ်တကျ အာရုံစိုက်စိုက်ပျိုး လိုက်ခြင်းက တောင်သူအတွက် ဝင်ငွေနှစ်ဆတိုးစေမည့် လက်တွေ့ကျသော တွက်ခြေကိုက်မှုပင်ဖြစ် . . .**

နံနက်ခင်း ၏ ဦးဆုံးနှင်းစက်တို့နှင့်အတူလေပြည်ညင်းလေး တိုက်ခတ်လာသည့် ဆောင်းရာသီ၏ နံနက်ခင်းအေးစိမ့်မှုသည် ကျွန်တော်တို့ခြေချရာ အမိနိုင်ငံ၏ ငြိမ်သက်အေးချမ်းမှုကို ခံစားမိမည်ထင်ပါသည်။ မိုးကုပ်စက်ဝိုင်းတစ်ခွင် ဖြာကျလာသည့် နေရောင်ခြည်အောက်တွင် ရှူရှိုက်မိလိုက်သော နွေဦးလေပြည်၏ ပူနွေးမှုက ကျွန်တော်တို့ခြေချရာ ဤမြေပြင်၏သက်ဝင်လှုပ်ရှားနေမှုကို ခံစားမိမည်ထင်ပါသည်။ ကိန်းဂဏန်းအချက်အလက်များကို ခဏဖယ်ထားပြီး နိုင်ငံ၏မြေပြင်အလှတရားကို ၄င်္ဂတစ်ကောင်၏အမြင်ဖြင့် အပေါ်စီးမှ စိတ်ကူးယဉ်ကြည့်လိုက်ကြပါစို့။

မြောက်ဘက်စွန်း ဆီးနှင်းဖွေးဖွေးတောင်တန်းများမှသည် တောင်ဘက်ပြာလဲ့လဲ့ပင်လယ်ပြင်ဆီသို့ သွယ်တန်းစီးဆင်းနေသော ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်းနှင့် သံလွင်မြစ်ကြီးများသည် တိုင်းပြည်၏ သွေးကြောများပမာ ရစ်ခွေနေကြသည်။ ဤမြစ်ရေတို့သယ်ဆောင်လာသည့် နုန်းအနှစ်များအနည်ထိုင်ရာ မြစ်ဝှမ်းလွင်ပြင်မြေဆီလွှာများပေါ်တွင် ရေဆင်းပေါ်ဆန်းကဲ့သို့သော သမိုင်းဝင် ဆန်စပါးခင်းများကလေတိုက်တိုင်း လှိုင်းကြက်ခွပ်လေးများအသွင် ယိမ်းနွဲ့နေတတ်သည်။ တောင်တန်းဒေသများဆီ အကြည့်လွှဲလိုက်လျှင်လည်း ရေစီးရေလာကောင်းမွန်သော မြေနီ၊ သစ်ဆွေးမြေများပေါ်တွင် GAP စံနှုန်းမီ စနစ်တကျပြုစုပျိုးထောင်ထားသည့် လက်ဖက်နှင့် ကော်ဖီခင်းများကို တွေ့မြင်နိုင်ရာ ဤသည်မှာ သဘာဝတရားက ကျွန်တော်တို့အတွက် ရည်ရွယ်ဖန်တီးပေးထားသည့် အဖိုးမဖြတ်နိုင်သော ပထဝီဝင်လက်ဆောင်ပင်ဖြစ်သည်။

ရာသီဥတုနှင့် ကျေးလက်ပြည်သူများ

ရာသီဥတုကိုလေ့လာကြည့်လျှင်လည်း အပူပိုင်းနှင့် သမပိုင်းလက္ခဏာနှစ်ရပ်စလုံးကို ပိုင်ဆိုင်ထားသည့် ကျွန်တော်တို့၏မြေသည်ကမ္ဘာပေါ်တွင်ရှားရှားပါးပါးကံကောင်းသောနေရာတစ်ခုဖြစ်သည်။ ပူပြင်းသောနွေ၊ သည်းထန်သောမိုးနှင့် အေးမြသောဆောင်းဟူ၍ပြတ်သားသည့် ရာသီဥတုသုံးပါးရှိခြင်းက သီးနှံမျိုးစုံအတွက်သဘာဝကပေးထားသည့်ပြက္ခဒိန်တစ်ခုကဲ့သို့ဖြစ်နေသည်။ ရာသီဥတုဖောက်ပြန်မှုများနှင့် ရင်ဆိုင်ရလင့်ကစား နိုင်ငံအနှံ့ကွဲပြားခြားနားသည့် ဇီဝဂေဟစနစ်များနှင့် ရာသီဥတုဇုန်များရှိနေခြင်းက ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသတစ်ခုက အစားထိုးဖြည့်ဆည်းပေးနိုင်စွမ်းရှိနေပေသည်။ ရှည်လျားလှသော ကမ်းရိုးတန်းများ၊ ဧရာမမြစ်ချောင်းအင်းအိုင်များနှင့် ကျယ်ပြောလှသော အညာဒေသများသည် စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်နိုင်မည့် မွေးမြူရေးလုပ်ငန်းများအတွက် သဘာဝအလျောက် အဆင်သင့် ဖန်တီးပေးထားသည့် ပတ်ဝန်းကျင်ကောင်းများဖြစ်ကြသည်။

ဤမျှကျေးဇူးကြီးမားသော မြေကြီးပေါ်တွင် ခြေချ၊ ရုန်းကန်လှုပ်ရှားကာ အသက်မွေးဝမ်းကျောင်းပြုနေကြသူများမှာ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသော ကျေးလက်နေပြည်သူများပင်ဖြစ်သည်။ အရှဏ်တက် ချိန်မှစ၍ နေဝင်ဆည်းဆာအထိ လယ်ကန်သင်းရိုးပေါ်တွင် ဖြတ်သန်းနေသော သူတို့၏ဘဝများသည် စိုက်ပျိုးမွေးမြူရေးနှင့် ခွဲခြား၍မရအောင် တစ်သားတည်းကျနေသည်။ ဖခင်၏ခြေရာကိုနင်းမည့် သား၊ မိခင်၏ အင်္ဂေ့အသက်ကို ဆက်ခံမည့်သမီးငယ်လေးများအပါအဝင်မိသားစုပေါင်းများစွာ၏ အနာဂတ်၊ ထမင်းလုတ်၊ ပညာရေးနှင့် ကျန်းမာရေး စသည်တို့သည် ဤမြေ၊ ဤရေ၊ ဤစိုက်ခင်းများပေါ်တွင်သာ လုံးလုံးလျားလျား မူတည်နေသည်။ ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် သာမန်ဝမ်းစာရှာဖွေမှုသက်သက်မဟုတ်ဘဲ တစ်နိုင်ငံလုံး၏စားရေရိက္ခာကို တာဝန်ယူထားသည့် နိုင်ငံ့ကျောရိုးမဏ္ဍိုင်ကြီးဖြစ်နေသည်။

ရိုးရာစနစ်မှသည် ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်ဆီသို့ ကူးပြောင်းရေး

ရှေးဘိုးဘေးဘီဘင်များလက်ထက်ကတည်းက စွဲမြဲစွာကျင့်သုံးလာခဲ့ကြသည့် ရိုးရာစိုက်ပျိုး မွေးမြူရေးစနစ်သည် ကျွန်တော်တို့အတွက် ဂုဏ်ယူစရာသမိုင်းကြောင်းတစ်ခုဖြစ်ခဲ့သည်မှာ မှန်ပါသည်။ သို့သော် အရာရာလျင်မြန်စွာပြောင်းလဲနေပြီး ပြိုင်ဆိုင်မှုပြင်းထန်လွန်းသည့် ယနေ့ခေတ်ကမ္ဘာ့ဈေးတန်ဖိုးပေါ်တွင်တော့ ရိုးရာဓလေ့ကိုသာဖက်တွယ်ပြီး ရပ်တည်နေ၍မရတော့ပေ။ မိုးလေထသကိုမေ့ကြည့်ပြီး ကံတရားကိုပုံအပ်ထားရသည့် သမားရိုးကျစိုက်ပျိုးခြင်း၊ မိရိုးဖလာ ဥပမာအားဖြင့် မျိုးစေ့ချရာတွင် အထွက်နှုန်းမသေချာသည့် အရပ်သုံးမျိုးစေ့များအစား ရာသီဥတုဒဏ်ခံနိုင်ပြီး ဈေးကွက်ဝင်သည့် သုတေသနပြု မျိုးကောင်းမျိုးသန့်များကို ရွေးချယ်အသုံးပြုခြင်းသည် လက်တွေ့ကျသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ ထို့အတူ ဈေးကွက်ဝင် သီးနှံများ စိုက်ပျိုးရာတွင်လည်း နိုင်ငံတကာကလက်ခံနိုင်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)စံနှုန်းများနှင့်အညီ စနစ်တကျပြုစုပျိုးထောင်ခြင်းသည် ရိုးရာမှသည် ခေတ်မီစနစ်သို့ ကူးပြောင်းခြင်း၏ အကောင်းဆုံးသာဓကပင်ဖြစ်သည်။

ယနေ့ခေတ်သည် ဒီဂျစ်တယ်နည်းပညာများလွှမ်းမိုးနေသည့်ခေတ်ဖြစ်ရာ လယ်ကန်သင်းရိုးပေါ်ရှိ တောင်သူတစ်ဦး၏ လက်ကိုင်ဖုန်းလေးသည် သတင်းအချက်အလက်များစီးဆင်းရာ အဓိက ရေကြောင်းတစ်ခုဖြစ်လာရပါမည်။ မိုဘိုင်းအက်ပလီကေးရှင်းများကိုအသုံးပြု၍ မိုးလေဝသအခြေအနေကို ကြိုတင်ခန့်မှန်းခြင်း၊ မြေဆီလွှာလိုအပ်ချက်ကိုတွက်ချက်ခြင်းနှင့် ဈေးကွက်ပေါက်ဈေးများကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ခြင်းက တောင်သူများ၏ဆုံးရှုံးနိုင်ခြေကို သိသိသာသာလျှော့ချပေးနိုင်သည်။

သို့သော်လည်း အိပ်မက်လှလှလေးများမက်နေရုံနှင့်တော့ လက်တွေ့ဘဝကပြောင်းလဲသွားမည်မဟုတ်ပေ။ အထက်တွင်ဆိုခဲ့သည့် ရွှေရောင်လွှမ်းသော အနာဂတ်ဆီသို့ သွားရာလမ်းသည် ပန်းခင်းသောလမ်းတော့မဟုတ်သေးပါ။ လက်ရှိ ရင်ဆိုင်ဖြတ်သန်းနေရသည့် မြေပြင်အခြေအနေကိုမျက်ကွယ်ပြုထား၍မရနိုင်ပါ။ ဘိုးဘွားစဉ်ဆက်သင်ကြားပေးခဲ့သည့် မိရိုးဖလာစိုက်ပျိုးနည်းများသည် ယနေ့ခေတ် စိန်ခေါ်မှုဒီရေကို တားဆီးရန်မလုံလောက်တော့သည်ကို ဝန်ခံရပါမည်။

မျက်မှောက်ခေတ် တောင်သူတစ်ဦး၏ ဘဝကို အနီးကပ်ဝင်ကြည့်လိုက်ပါ။ လုပ်အား၊ မြေဩဇာနှင့် သွင်းအားစုစရိတ်များက တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာချိန်တွင် ရိတ်သိမ်းချိန်မျှော်လင့်ချက်ကတော့ ကောင်းကင်ပေါ်က တိမ်တိုက်များလို လွင့်မျောမတည်ငြိမ်သေးပေ။ **"လုပ်သာလုပ်ရ အဖတ်မတင်"** ဆိုသည့် စကားသည် ကျေးလက်တောင်သူများ၏ ရင်ဘတ်ထဲက သက်ပြင်းချသံဖြစ်နေဆဲပါ။

ဤသို့သော အခက်အခဲများကြားထဲတွင် ရာသီဥတုဖောက်ပြန်မှုများကလည်း ပါဝင်နေပါသေးသည်။ ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ အယ်လ်နီညိ၏ ပူပြင်းခြောက်သွေ့မှုအောက်တွင် အက်ကွဲနေသော လယ်ကွက်များကိုမြင်ဖူးပါသလား။ ရေငတ်နေသော ကောက်ပဲသီးနှံများနှင့်အတူ တောင်သူများ၏ရင်ထဲတွင်လည်း သောကမီးများတောက်လောင်ခဲ့ရသည်။ ခန်းခြောက်သွားသောဆည်ရေသောက်စနစ်များနှင့် ရေပြတ်လပ်မှုများက ကောင်းကင်ကိုသာ မော့ကြည့်ရသည့် ရိုးရာဓလေ့ကို ဆက်လက်ဖက်တွယ်ထား၍မရတော့ကြောင်း သတိပေးခေါင်းလောင်းပြင်းပြင်းထန်ထန်ထိုးလိုက်ခြင်းပင်ဖြစ်သည်။တစ်ခါတစ်ရံ မိုးခေါင်ရာမှ ရုတ်တရက်ရွာချလိုက်သည့် မိုးသည်းထန်မှုများ၊ ရေကြီးရေလျှံမှုများကြောင့် ရွှေရောင်ဝင်းနေပြီဖြစ်သော စပါးခင်းများ ရေအောက်ရောက်သွားချိန်၊ ကြက်ခြံ၊ ဝက်ခြံများ ရေလွှမ်းခံရချိန်တွင် တောင်သူတစ်ယောက်၏ဆုံးရှုံးမှုမျက်ရည်ကို မည်သူက သုတ်ပေးနိုင်မည်နည်း။

ဤသို့သော အကျပ်အတည်းဒွန်တွဲနေမှုများမှ ရုန်းထွက်နိုင်ရန် ဖြေရှင်းရမည့်လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်သည်။ ပထမဆုံးအချက်အနေဖြင့် ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိပြီး အထွက်နှုန်းသေချာသည့် အရည်အသွေးမီမျိုးစေ့များ တောင်သူများ၏လက်ဝယ်သို့ အချိန်မီနှင့် အလွယ်တကူရောက်ရှိရန် အလွန်ပင်လိုအပ်နေဆဲဖြစ်သည်။

ဒုတိယအနေဖြင့် ခေတ်မီနည်းပညာများကို ကျေးလက်အရပ်ဆီသို့ လက်လှမ်းမီအောင် ပို့ဆောင်ပေးရန်ဖြစ်သည်။ ရာသီဥတုကြိုတင်ခန့်မှန်းချက် အချက်အလက်များ၊ မြေဆီလွှာနှင့် ကိုက်ညီမည့် သီးနှံရွေးချယ်မှု၊ **စာမျက်နှာ ၁၃ သို့** ❑



❑ စာမျက်နှာ ၁၂ မှအဆက်

ရေကိုချွေတာသုံးစွဲနိုင်သည့် အစက်ချရေပေးစနစ် (Drip Irrigation) နှင့် ဒရုန်းအသုံးပြု၍ မြေဩဇာပက်ဖျန်းခြင်း စသည့်နည်းပညာများသည် မြန်မာ့တောင်သူများအတွက် ရင်းနှီးကျွမ်းဝင်သောအရာများဖြစ်လာရန် အရေးတကြီးလိုအပ်နေသည်။

ဒုတိယဖြေရှင်းနည်းမှာ မျိုးကောင်းမျိုးသန့် ထိန်းသိမ်းတိုးချဲ့ခြင်းဖြစ်သည်။ မြေဆီလွှာကောင်း၍ ရာသီဥတုမျက်နှာသာပေးသည့်တိုင် မျိုးမကောင်းလျှင်အပင်သန်မည်မဟုတ်ပေ။ ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီပြီး ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိသည့်မျိုးများကို ရွေးချယ်ရန်လိုအပ်သည်။ ပြည်တွင်းပြည်ပကပါ မျှားအတွက် အာဟာရဖြစ်စေပြီး တိရစ္ဆာန်များမှရရှိသော စွန့်ပစ်ပစ္စည်းများသည် စိုက်ခင်းများအတွက် အဖိုးတန်သဘာဝမြေဩဇာများအဖြစ် ပြန်လည်အသုံးပြုနိုင်သည်။ ရာသီဥတုကြောင့် စိုက်ခင်းများထိခိုက်ဆုံးရှုံးခဲ့လျှင်တောင် မွေးမြူရေးကဏ္ဍက ရရှိမည့်ဝင်ငွေဖြင့် မိသားစုစားဝတ်နေရေးကို မယိုင်လဲအောင် ထိန်းထားနိုင်မည်ဖြစ်ရာ ဤစနစ်သည် တောင်သူများအတွက် အရှုံးမရှိနိုင်သော ဝင်ငွေလမ်းကြောင်းခိုင်မာစေသည့် လက်တွေ့အကျဆုံးဗျူဟာတစ်ရပ်ပင်ဖြစ် . . .

သီးနှံတစ်မျိုးတည်းကိုသာ ပုံအောစိုက်ပျိုးထားခြင်းသည် ခြင်းတောင်းတစ်လုံးထဲ ကြက်ဥအားလုံးထည့်ထားသကဲ့သို့ အန္တရာယ်များသည်။ စိုက်ပျိုးရေးနှင့်အတူ ကျွဲ၊ နွား၊ ဝက်၊ ကြက် စသည့် မွေးမြူရေးလုပ်ငန်းများကို အချိုးကျပေါင်းစပ်လုပ်ကိုင်ခြင်းက သဘာဝ၏ဂေဟစနစ်ကိုပါ အထောက်အကူပြုစေသည်။ စပါးခင်းမှထွက်သော ဖွဲနု၊ ဆန်ကွဲနှင့် ကောက်ရိုးများသည် တိရစ္ဆာန်များအတွက် အာဟာရဖြစ်စေပြီး တိရစ္ဆာန်များမှရရှိသော စွန့်ပစ်ပစ္စည်းများသည် စိုက်ခင်းများအတွက် အဖိုးတန်သဘာဝမြေဩဇာများအဖြစ် ပြန်လည်အသုံးပြုနိုင်သည်။ ရာသီဥတုကြောင့် စိုက်ခင်းများထိခိုက်ဆုံးရှုံးခဲ့လျှင်တောင် မွေးမြူရေးကဏ္ဍက ရရှိမည့်ဝင်ငွေဖြင့် မိသားစုစားဝတ်နေရေးကို မယိုင်လဲအောင် ထိန်းထားနိုင်မည်ဖြစ်ရာ ဤစနစ်သည် တောင်သူများအတွက် အရှုံးမရှိနိုင်သော ဝင်ငွေလမ်းကြောင်းခိုင်မာစေသည့် လက်တွေ့အကျဆုံးဗျူဟာတစ်ရပ်ပင်ဖြစ် . . .

တတိယနှင့်အရေးကြီးဆုံးမှာ ထိရောက်သော ဈေးကွက်ချိတ်ဆက်မှုပင်ဖြစ်သည်။ သီးနှံများ အောင်မြင်စွာ ရိတ်သိမ်းနိုင်သည့်တိုင် ဈေးကွက်မရှိလျှင် သို့မဟုတ် တရားမျှတသော ဈေးနှုန်းမရရှိလျှင် ထိုကြိုးစားမှုသည် သဲထဲရေသွန်ဖြစ်သွားမည်သာဖြစ်သည်။ ထို့ကြောင့် တောင်သူနှင့် ဝယ်လက်ကို တိုက်ရိုက်ချိတ်ဆက်ပေးနိုင်မည့် ဒီဂျစ်တယ်ကုန်သွယ်မှုပလက်ဖောင်းများ၊ သွင်းအားစုများကို အတိုးနှုန်းသက်သာစွာ ချေးငွေယူနိုင်မည့်စနစ်များ ဖန်တီးပေးခြင်းသည် လတ်တလောဖြေရှင်းပေးရမည့် အသက်တမျှအရေးကြီးသောလိုအပ်ချက်များဖြစ်သည်။

လက်တွေ့ကျသောဖြေရှင်းနည်းများ

ပြဿနာများကို ထိုင်၍ညည်းညူနေရုံဖြင့် အဖြေထွက်လာမည်မဟုတ်ပေ။ လိုအပ်ချက်များကို တိတိကျကျသိရှိပြီးနောက် လက်တွေ့ကျကျမည်သို့ အကောင်အထည်ဖော် ဖြေရှင်းကြမည်နည်းဆိုသည့် လုပ်ငန်းစဉ်ကသာ အရေးအကြီးဆုံးခြေလှမ်းဖြစ်လာသည်။ ပထမဆုံးခြေလှမ်းမှာ GAP စံနှုန်းများကျင့်သုံးခြင်းဖြစ်သည်။ ရိုးရာအလေ့အထအတိုင်း ကြဲသလိုစိုက်ပျိုးခြင်းမှသည် စနစ်တကျမှတ်တမ်းတင်ပြီး ဓာတုကင်းစင်ကာ ဘေးကင်းလုံခြုံသော ထုတ်ကုန်များထုတ်လုပ်သည့် အလေ့အကျင့်ဆီသို့ ကူးပြောင်းရပါမည်။ မည်သည့်မြေဩဇာကို မည်သည့်အချိန်တွင် သုံးစွဲခဲ့သည်၊ ရေကို မည်သို့စီမံခန့်ခွဲသည် စသည့် အချက်အလက်များကို ခိုင်ခိုင်မာမာ ပြသနိုင်မှသာ ထုတ်ကုန်များသည် နယ်စပ်ဂိတ်များကိုကျော်လွန်ပြီး ကမ္ဘာ့ဈေးကွက်၏စူပါမားကတ်စင်ပေါ်များအထိ နေရာယူနိုင်မည်ဖြစ်သည်။

အရည်အသွေးကို လက်ခံအသိအမှတ်ပြုထားရသည့် ပေါ်ဆန်းဆန်းကဲ့သို့သော မွေးပျိုသည့်စပါးမျိုးများကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးခြင်းသည် အကောင်းဆုံးသာဓကဖြစ်သည်။ သာမန်စပါး ဆယ်ဧကစိုက်ပျိုးရမည့်အချိန်နှင့် လုပ်အားကို အရည်အသွေးမြင့်စပါးမျိုးငါးဧကတွင် စနစ်တကျအာရုံစိုက်စိုက်ပျိုးလိုက်ခြင်းက တောင်သူအတွက် ဝင်ငွေနှစ်ဆတိုးစေမည့် လက်တွေ့ကျသော တွက်ခြေကိုက်မှုပင်ဖြစ်သည်။

တတိယအချက်သည် ဒီဂျစ်တယ်စနစ်များ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြစ်သည်။ မျက်မှောက်ခေတ် တောင်သူတစ်ဦးသည် လယ်ထွန်စက်မောင်းတတ်ရုံနှင့် မလုံလောက်တော့ဘဲ သတင်းအချက်အလက်များကိုပါ စီမံခန့်ခွဲနိုင်ရပါမည်။ ဉာဏ်ရည်တု (AI) နည်းပညာနှင့် စမတ်ဖုန်း အက်ပလီကေးရှင်းများကို အသုံးပြုကာ မိမိဒေသ၏ မိုးလေဝသ အခြေအနေ၊ မြေဆီလွှာအချဉ်အငန်ဓာတ်နှင့် အစိုဓာတ်တို့ကို ကြိုတင်တွက်ချက်လာနိုင်ခြင်းက သီးနှံအထွက်တိုးစေမည်ဖြစ်သည်။

နောက်ဆုံးတစ်ချက်ဖြစ်သော ဘက်စုံမွေးမြူရေးနှင့် တွဲဖက်လုပ်ကိုင်ခြင်း (Mixed Farming) ဖြစ်သည်။ သီးနှံတစ်မျိုးတည်းကိုသာ ပုံအောစိုက်ပျိုးထားခြင်းသည် ခြင်းတောင်းတစ်လုံးထဲ ကြက်ဥအားလုံးထည့်ထားသကဲ့သို့ အန္တရာယ်များသည်။ စိုက်ပျိုးရေးနှင့်အတူ ကျွဲ၊ နွား၊ ဝက်၊ ကြက် စသည့် မွေးမြူရေးလုပ်ငန်းများကို အချိုးကျပေါင်းစပ်လုပ်ကိုင်ခြင်းက သဘာဝ၏ဂေဟစနစ်ကိုပါ အထောက်အကူပြုစေသည်။ စပါးခင်းမှထွက်သော ဖွဲနု၊ ဆန်ကွဲနှင့် ကောက်ရိုးများသည် တိရစ္ဆာန်များအတွက် အာဟာရဖြစ်စေပြီး တိရစ္ဆာန်များမှရရှိသော စွန့်ပစ်ပစ္စည်းများသည် စိုက်ခင်းများအတွက် အဖိုးတန်သဘာဝမြေဩဇာများအဖြစ် ပြန်လည်အသုံးပြုနိုင်သည်။ ရာသီဥတုကြောင့် စိုက်ခင်းများထိခိုက်ဆုံးရှုံးခဲ့လျှင်တောင် မွေးမြူရေးကဏ္ဍက ရရှိမည့်ဝင်ငွေဖြင့် မိသားစုစားဝတ်နေရေးကို မယိုင်လဲအောင် ထိန်းထားနိုင်မည်ဖြစ်ရာ ဤစနစ်သည် တောင်သူများအတွက် အရှုံးမရှိနိုင်သော ဝင်ငွေလမ်းကြောင်း ခိုင်မာစေသည့် လက်တွေ့အကျဆုံး ဗျူဟာတစ်ရပ်ပင်ဖြစ်သည်။

အထက်ပါ ဖြေရှင်းနည်းများကို ဆောင်ရွက်မည်ဆိုပါက ခေတ်မီနည်းပညာ၊ သေချာသောဈေးကွက်ချိတ်ဆက်မှုနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်များကြောင့် တောင်သူများ၏ဝင်ငွေသည် ရာသီဥတုအပေါ် မှီခိုနေရသည့် မသေချာမရေရာမှုများမှ ကင်းလွတ်ကာ ခိုင်မာတည်ငြိမ်စွာ တိုးတက်လာမည်ဖြစ်သည်။ ဤဝင်ငွေတည်ငြိမ်မှုဆိုသည်မှာ ဘဏ်စာအုပ်ထဲက ကိန်းဂဏန်းများသက်သက်မဟုတ်ပါ။ တောင်သူတစ်ဦး အနေဖြင့် မိမိ၏ဧနီးသည်နှင့် ရင်သွေးငယ်များ၏မျက်နှာကို စိုးရိမ်သောကကင်းစင်စွာ ယုံကြည်မှုအပြည့်အကြည့်နိုင်မည့်ခွန်အားဖြစ်သည်။ ဝင်ငွေလမ်းကြောင်းဖြောင့်တန်းလာသည်နှင့်အမျှ သားသမီးများ၏ပညာရေးအတွက် ရင်းနှီးမြှုပ်နှံလာနိုင်မည်ဖြစ်သလို မိသားစုကျန်းမာရေးအတွက်လည်း လုံလောက်သော ထိန်းထားနိုင်မည်ဖြစ်ရာ ဤစနစ်သည် တောင်သူများအတွက် အရှုံးမရှိနိုင်သော ဝင်ငွေလမ်းကြောင်း ခိုင်မာစေသည့် လက်တွေ့အကျဆုံး ဗျူဟာတစ်ရပ်ပင် ဖြစ်သည်။

“ခေတ်ရေစီးကြောင်းတွေပြောင်းလဲပြီး နည်းပညာတွေ ထူးကဲစွာတိုးတက်လာပါစေ၊ လူသားတို့၏ အသက်ရှင်သန်ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်သော စားရေရိကွာကို စက်ရုံကြီးများအတွင်းမှ ဖန်တီးယူ၍မရနိုင်သေးသည်မှာ လောကနိယာမပင်ဖြစ်သည်။ ထို့ကြောင့် ရွှေရောင်ဝင်းနေသည့်စပါးခင်းများ၊ အသီးအနှံများဝေဆာနေသည့် စိုက်ခင်းများနှင့် သက်ဝင်လှုပ်ရှားနေသော မွေးမြူရေးခြံများသည် မြန်မာနိုင်ငံ၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံကြီးအတွက် မည်သည့်အခါမျှဖယ်ကြဉ်ထား၍မရနိုင်သော အခိုင်မာဆုံးအုတ်မြစ်ကြီးဖြစ်နေဆဲဖြစ် . . .”

ဒုတိယအချက်မှာ ဒေသတွင်း လူမှုအသိုက်အဝန်းတစ်ခုလုံးဆီသို့ အကျိုးကျေးဇူးများကူးစက်သွားမည်ဖြစ်သည်။ တောင်သူများ၏ထုတ်ကုန်များ ပိုမိုများပြားလာပြီး အရည်အသွေးမြင့်မားလာသည်နှင့်အမျှ ထိုကြမ်းခင်းထုတ်ကုန်များကိုအခြေခံသည့် စက်မှုလုပ်ငန်းများသည် ကျေးလက်ဒေသများ အထိ သက်ဝင်လှုပ်ရှားလာမည်ဖြစ်သည်။ ခေတ်မီဆန်စက်ကြီးများ၊ အခြားသစ်သီးဝလံတန်ဖိုးမြှင့်ထုတ်လုပ်သည့် စက်ရုံများ၊ အသားငါးထုပ်ပိုးမှုလုပ်ငန်းများ ဖွံ့ဖြိုးလာသောအခါ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းသစ်များ အလိုအလျောက် ဖန်တီးပြီးသားဖြစ်သွားပါမည်။ သို့ဖြစ်၍ ကျေးလက်နေလူငယ်များသည် အလုပ်အကိုင်ရှာဖွေရန် မြို့ကြီးပြကြီးများဆီသို့ သွားရောက်ရခြင်း၊ အိမ်နီးချင်းနိုင်ငံများဆီသို့ အခက်အခဲပေါင်းများစွာဖြင့် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ရခြင်းဟူသော သံသရာမှလည်း အပြီးစောင့်ရှောက်မှုများပေးနိုင်မည်ဖြစ်သည်။

တစ်ချိန်က ရွှံ့ညွန်ထဲတွင် ပင်ပန်းဆင်းရဲခဲ့ရသော လယ်သမားဘဝမှသည် စီးပွားရေးအမြင်ရှိသော “ခေတ်သစ်စိုက်ပျိုးရေးလုပ်ငန်းရှင်” များအဖြစ်သို့ ဂုဏ်သိက္ခာရှိစွာ ကူးပြောင်းလာနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒေသတွင်း လူမှုအသိုက်အဝန်းတစ်ခုလုံးဆီသို့ အကျိုးကျေးဇူးများ ကူးစက်သွားမည်ဖြစ်သည်။ တောင်သူများ၏ထုတ်ကုန်များ ပိုမိုများပြားလာပြီး အရည်အသွေးမြင့်မားလာသည်နှင့်အမျှ ထိုကြမ်းခင်းထုတ်ကုန်များကိုအခြေခံသည့် စက်မှုလုပ်ငန်းများသည် ကျေးလက်ဒေသများ အထိ သက်ဝင်လှုပ်ရှားလာမည်ဖြစ်သည်။ ခေတ်မီဆန်စက်ကြီးများ၊ အခြားသစ်သီးဝလံတန်ဖိုးမြှင့်ထုတ်လုပ်သည့် စက်ရုံများ၊ အသားငါးထုပ်ပိုးမှုလုပ်ငန်းများ ဖွံ့ဖြိုးလာသောအခါ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းသစ်များ အလိုအလျောက် ဖန်တီးပြီးသားဖြစ်သွားပါမည်။ သို့ဖြစ်၍ ကျေးလက်နေလူငယ်များသည် အလုပ်အကိုင်ရှာဖွေရန် မြို့ကြီးပြကြီးများဆီသို့ သွားရောက်ရခြင်း၊ အိမ်နီးချင်းနိုင်ငံများဆီသို့ အခက်အခဲပေါင်းများစွာဖြင့် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ရခြင်းဟူသော သံသရာမှလည်း အပြီးအရည်အသွေးကို လက်ခံအသိအမှတ်ပြုထားရသည့် ပေါ်ဆန်းဆန်းကဲ့သို့သော မွေးပျိုသည့်စပါးမျိုးများကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးခြင်းသည် အကောင်းဆုံးသာဓကဖြစ်သည်။ သာမန်စပါး ဆယ်ဧကစိုက်ပျိုးရမည့်အချိန်နှင့် လုပ်အားကို အရည်အသွေးမြင့်စပါးမျိုးငါးဧကတွင် စနစ်တကျအာရုံစိုက်စိုက်ပျိုးလိုက်ခြင်းက တောင်သူအတွက် ဝင်ငွေနှစ်ဆတိုးစေမည့် လက်တွေ့ကျသော တွက်ခြေကိုက်မှုပင်ဖြစ်သည်။

တတိယအချက်သည် ဒီဂျစ်တယ်စနစ်များ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြစ်သည်။ မျက်မှောက်ခေတ် တောင်သူတစ်ဦးသည် လယ်ထွန်စက်မောင်းတတ်ရုံနှင့် မလုံလောက်တော့ဘဲ သတင်းအချက်အလက်များကိုပါ စီမံခန့်ခွဲနိုင်ရပါမည်။ ဉာဏ်ရည်တု (AI) နည်းပညာနှင့် စမတ်ဖုန်း အက်ပလီကေးရှင်းများကို အသုံးပြုကာ မိမိဒေသ၏ မိုးလေဝသ အခြေအနေ၊ မြေဆီလွှာအချဉ်အငန်ဓာတ်နှင့် အစိုဓာတ်တို့ကို ကြိုတင်တွက်ချက်လာနိုင်ခြင်းက သီးနှံအထွက်တိုးစေမည်ဖြစ်သည်။

နောက်ဆုံးတစ်ချက်ဖြစ်သော ဘက်စုံမွေးမြူရေးနှင့် တွဲဖက်လုပ်ကိုင်ခြင်း (Mixed Farming) ဖြစ်သည်။ သီးနှံတစ်မျိုးတည်းကိုသာ ပုံအောစိုက်ပျိုးထားခြင်းသည် ခြင်းတောင်းတစ်လုံးထဲ ကြက်ဥအားလုံးထည့်ထားသကဲ့သို့ အန္တရာယ်များသည်။ စိုက်ပျိုးရေးနှင့်အတူ ကျွဲ၊ နွား၊ ဝက်၊ ကြက် စသည့် မွေးမြူရေးလုပ်ငန်းများကို အချိုးကျပေါင်းစပ်လုပ်ကိုင်ခြင်းက သဘာဝ၏ဂေဟစနစ်ကိုပါ အထောက်အကူပြုစေသည်။ စပါးခင်းမှထွက်သော ဖွဲနု၊ ဆန်ကွဲနှင့် ကောက်ရိုးများသည် တိရစ္ဆာန်များအတွက် အာဟာရဖြစ်စေပြီး တိရစ္ဆာန်များမှရရှိသော စွန့်ပစ်ပစ္စည်းများသည် စိုက်ခင်းများအတွက် အဖိုးတန်သဘာဝမြေဩဇာများအဖြစ် ပြန်လည်အသုံးပြုနိုင်သည်။ ရာသီဥတုကြောင့် စိုက်ခင်းများထိခိုက်ဆုံးရှုံးခဲ့လျှင်တောင် မွေးမြူရေးကဏ္ဍက ရရှိမည့်ဝင်ငွေဖြင့် မိသားစုစားဝတ်နေရေးကို မယိုင်လဲအောင် ထိန်းထားနိုင်မည်ဖြစ်ရာ ဤစနစ်သည် တောင်သူများအတွက် အရှုံးမရှိနိုင်သော ဝင်ငွေလမ်းကြောင်း ခိုင်မာစေသည့် လက်တွေ့အကျဆုံး ဗျူဟာတစ်ရပ်ပင်ဖြစ်သည်။

တစ်ဦးချင်းနှင့် ကျေးလက်ဒေသများ၏ စီးပွားရေး ခိုင်မာအားကောင်းလာခြင်းသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခိုင်မာဆုံးသောအုတ်မြစ်ပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးကိုပြောရာတွင် “စားရေရိကွာဖူလုံရေး” (Food Security)သည် အခြေခံကျလှသည်။ GAP ကဲ့သို့သော စံနှုန်းများဖြင့်စိုက်ပျိုးထားသည့် ဓာတုကင်းစင်သော ထုတ်ကုန်များ၊ သမိုင်းကြောင်းနှင့် အရည်အသွေးခိုင်မာသည့် ပေါ်ဆန်းဆန်းကဲ့သို့သော စပါးမျိုးများသည် နိုင်ငံတကာဈေးကွက်တွင် ယုံကြည်စိတ်ချရသော ကုန်အမှတ်တံဆိပ်များအဖြစ် နေရာယူလာမည်ဖြစ်သည်။ ထိုအခါ ပို့ကုန်ကဏ္ဍသည် ခိုင်မာအားကောင်းလာပြီးနိုင်ငံခြားဝင်ငွေများလည်း စီးဝင်လာမည်ဖြစ်သည်။ သဘာဝသယံဇာတများကို တူးဖော်ရောင်းချခြင်းသည် တစ်နေ့နေ့ ကုန်ခန်းသွားနိုင်သော်လည်း မြေဆီလွှာနှင့် ရေမြေသဘာဝကိုအခြေခံပြီး နည်းပညာဖြင့် ဖန်တီးထားသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကတော့ ဘယ်တော့မှ ခန်းခြောက်သွားမည့် တိုင် ကင်းဝေးသွားမည်ဖြစ်ပေသည်။

မြေတောင်မြှောက်ပေးမှုများနှင့် စနစ်တကျပေါင်းစပ်ကာ မြေပြင်တွင် လက်တွေ့ကျကျ အသက်သွင်းကြရန် အချိန်တန်နေပြီဖြစ်သည်။ စာရွက်ပေါ်က စီမံကိန်းများထက် လယ်ကွက်ထဲ၊ ခြံထဲအထိ အမှန်တကယ် ရောက်ရှိလာမည့် ဒီဂျစ်တယ်အထောက်အကူပြုစနစ်များ၊ ရာသီဥတုကို ကြံ့ကြံ့ခံနိုင်မည့် မျိုးကောင်းမျိုးသန့်များနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေး အလေ့အကျင့်များကို နိုင်ငံတော်၊ ပညာရှင်များနှင့် တောင်သူများလက်တွဲ၍ အကောင်အထည်ဖော်ကြရပါမည်။

ဤသို့သာ ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုပါက သီးနှံရိတ်သိမ်းချိန်ရောက်တိုင်း ကျေးလက်တောင်သူများ၏ မျက်နှာပေါ်တွင် ပူပင်သောကကင်းသည့် အောင်မြင်မှုအပြုံးများ ဝေဆာလာသည်နှင့်အမျှ တိုင်းပြည်၏ စီးပွားရေးသည်လည်း လေပြည်အဝှေ့တွင် တက်ညီလက်ညီ ယိမ်းနွဲ့နေသော ရွှေဝါရောင်ကောက်နှံခင်းကြီးများပမာ လုပ်ခိုင်မာစွာ မလွဲမသွေတည်ငြိမ်တိုးတက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပါတော့သည်။ ။

မော်လမြိုင်မြို့၌ မွန်ပြည်နယ်လူငယ်စင်တာ ဖွင့်လှစ်



မော်လမြိုင် နိုဝင်ဘာ ၁

မွန်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မွန်ပြည်နယ် လူငယ်စင်တာဖွင့်ပွဲကို ယနေ့နံနက် ပိုင်းတွင် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်ရှိ လူငယ်စင်တာ၌ ကျင်းပသည်။

လူငယ်စင်တာကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့အတူ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ (၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် မွန်ပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌမွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ထင်သန်းတို့က လူငယ်စင်တာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ လူငယ်စင်တာအတွင်းရှိ Gym & Fitness Center၊ စာဖတ်ခန်း၊ စာကြည့်တိုက်၊ သက်မွေးသင်တန်းခန်း၊ အနုပညာခန်း၊ ပန်းချီခန်း၊ Computer Room၊ ရုံးခန်းမနှင့် ဘက်စုံသုံးခန်းမတို့ကို ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် လူငယ်များသည် အားကိုးထိုက်သော အနာဂတ်၏ မီးရှူးတန်ဆောင်ဖြစ်လာစေရန်၊ လူငယ်များ၏ အရည်အသွေး စဉ်ဆက်မပြတ်မြင့်မားစေရန်၊ တက်ကြွပြီး စွမ်းရည်ထက်မြက်သည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန်စဉ်ဆက်မပြတ်ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း ပြောကြားသည်။ ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အားကစားထူးချွန်ဆုရရှိသော အားကစားသမားများအား ဂုဏ်ပြုဆုများပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများထံ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ပြည်နယ်ဝန်ကြီးချုပ်က အလှူရှင်များ၏ အလှူငွေများ ပေးအပ်လှူဒါန်းမှုကိုလက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်မြို့ မန္တလေးရပ်ကွက်ရှိ မွန်ပြည်နယ်လူငယ်စင်တာနှင့် ပြည်နယ်စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်မည့်မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်လူငယ်ရေးရာကော်မတီဝင်များ၊ အထောက်အကူပြုကော်မတီဝင်များနှင့်လူငယ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အလားတူ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တက်ရောက်လာကြသူများက လူငယ်ရေးရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ဆဲများကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကြပ်မတ်စစ်ဆေးရန်မှာကြား



ပြည် နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်မြို့ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာ မိမိတို့အုပ်ချုပ်မှုနယ်မြေများအလိုက် ပြည်သူပါဝင်သည့် လုံခြုံရေးစနစ်ကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ရဲတပ်ဖွဲ့ဝင်များသည် မိမိအုပ်ခြုံနယ်မြေအတွင်း ရပ်ကွက်/ကျေးရွာများကို လှည့်ကင်းစနစ်ဖြင့် ပုံမှန်လှည့်လည်ကြပ်မတ်စစ်ဆေးရန် မှာကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)မှ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှူးများက ရပ်ကွက်/ကျေးရွာများအလိုက် ဆောင်ရွက်ပေးလျက်ရှိသည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများက ရပ်ရွာဒေသလုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့အတူ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ခရိုင်/မြို့နယ်များ လုံခြုံရေးပူးပေါင်းဆောင်ရွက်မည့် အခြေအနေကို အကြံပြုဆွေးနွေးရာတိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား

မြစ်ကြီးနားမြို့၌ တိရစ္ဆာန်အစာစပ်စက်ရုံနှင့် ကြက်သားဖောက်စက်ရုံ စတင်တည်ဆောက်လျက်ရှိ

မြစ်ကြီးနား နိုဝင်ဘာ ၁

ကချင်ပြည်နယ်အတွင်း သား/ငါးနှင့် ဥစားသုံးမှု လုံလောက်ဖူလုံစေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် ပထမဆုံးသော တစ်နာရီ ၅ တန်ကျ တိရစ္ဆာန်အစာတောင့်စက်ရုံနှင့် တစ်လလျှင် ကြက်သားပေါက်ကောင်ရေနှစ်သိန်း ထုတ်လုပ်ပေးနိုင်မည့် ဥဖောက်စက်ရုံများကို မြစ်ကြီးနားမြို့ ရွှေပြည်သာရပ်ကွက်အတွင်း တည်ဆောက်လျက်ရှိသည်။

အဆိုပါစက်ရုံများကို ကချင်ပြည်နယ်အစိုးရအဖွဲ့၏ အားပေးကူညီမှုဖြင့် KT ကုမ္ပဏီက ရွှေပြည်သာရပ်ကွက် လီဆူကွင်းအတွင်း မြေဧရိယာ ၂ ဒသမ ၅၀ ဧကပေါ်တွင် တည်ဆောက်နေခြင်းဖြစ်ပြီး စက်ရုံများတည်ဆောက်နေမှုကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ်ပြည်နယ်ဝန်ကြီးချုပ်က စက်ရုံတည်ဆောက်ပြီးစီးရန် လျာထားမှုအခြေအနေနှင့် ဆောက်လုပ်ရေးပစ္စည်း လိုအပ်ချက်အပေါ် လွယ်ကူလျင်မြန်စွာ ရရှိရေးတို့နှင့် စပ်လျဉ်း၍ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုသို့စက်ရုံများ တည်ဆောက်ပြီးစီးပါက အစာစပ်စက်ရုံအနေဖြင့် ကြက်၊ နွားနှင့် ငါး စသည့်တိရစ္ဆာန်အစာတောင့် တစ်နာရီလျှင် ၅ တန်ဖြင့် တစ်ရက်အလုပ်ချိန် ၈ နာရီအတွက် တန် ၄၀ ကျော် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ကြက်သားဖောက်စက်ရုံ တည်ဆောက်ပြီးစီးပါက ကနဦးအနေဖြင့် မန္တလေးနှင့် စစ်ကိုင်းမှ မျိုးကြက်ဥများကို သယ်ဆောင်၍ တစ်လလျှင် ကြက်သားပေါက် ကောင်ရေ ရှစ်သောင်းနီးပါး ထုတ်လုပ်နိုင်မည်ဖြစ်ပြီး မော်ဖောင်းကျေးရွာအတွင်း မျိုးကြက်ခြံတည်ဆောက်ပြီးပါက ကိုယ်ပိုင်မျိုးကြက်ခြံမှတစ်ဆင့် ကြက်ဥများဖြင့် ဖောက်လုပ်ပါက တစ်လလျှင် ကြက်သားပေါက် နှစ်သိန်းကျော် ထုတ်လုပ်လာနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်ဃည်ပြည်ထောင်ကျေးရွာအတွင်း ရှိမွေးမြူရေးလုပ်ငန်းရှင်ဦးစိုးတင့်၏ အသားတိုးကြက်မွေးမြူရေးလုပ်ငန်း၌ အသားတိုးကြက်ကောင်ရေ ခြောက်သောင်းကျော်မွေးမြူထားရှိမှု၊ မြစ်ကြီးနားမြို့ ပလနကျေးရွာအုပ်စု ပလန-၅ (ကံကော်မြို့ငယ်ကျေးရွာ)အတွင်း မွေးမြူရေးလုပ်ငန်းရှင် ဦးသက်နိုင်၏ ငါးမွေးမြူရေးကန်များ၌ ငါးကန်များ စနစ်တကျ ပြန်လည်တူးဖော်ဆောင်ရွက်နေမှု၊ ရေသွင်းမြောင်းများဖောက်လုပ်နေမှုနှင့် ထည့်သွင်းမွေးမြူထားသည့် ငါးများအား ပိုက်ဆွဲ၍ ရောင်းချပေးနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

တောင်ကြီးမြို့၌ တန်ဆောင်တိုင်ပွဲတော်ကျင်းပမည်

တောင်ကြီး နိုဝင်ဘာ ၁

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌ တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာလ ၁၆ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်၏ မီးပုံးပျံပြိုင်ပွဲများတွင် မီးပုံးပျံညီမီးကြီး ၇၁ လုံး၊ စိန်နားပန် ၄၁ လုံး စုစုပေါင်း ညလွှတ်မီးပုံးပျံ ၁၁၂လုံး၊ နေ့လွှတ်ခြေနှစ်ချောင်း ၂၃၆ လုံး၊ ခြေလေးချောင်း ၁၃၈ လုံး၊ အရုပ်အုပ်စု ၇၅ လုံး စုစုပေါင်းနေ့လွှတ် အရုပ်မီးပုံးပျံ ၄၄၉ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

အဆိုပါပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယနေ့နံနက် ပိုင်းတွင် တောင်ကြီးမြို့ရှိ ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ပွဲတော်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ ပြည်သူများပွဲတော်သို့လာရောက်လည်ပတ်ကြမည်ဖြစ်၍ လုံခြုံရေးကိစ္စရပ်များကို စနစ်တကျဆောင်ရွက်ပေးရန် မှာကြားကြောင်းသိရသည်။

မောင်မောင်သန်း(တောင်ကြီး)

❖ ရှေ့ဖုံးမှအဆက်

အပူချိန်မှာ ပုံမှန်အပူချိန်အထက်သို့ ၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်မှ ၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယက်အထိ ပိုနေပြီး လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညို ဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံမှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမှုမမှန်ခြင်း၊ လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလတို့တွင် အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အဓွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလှိုင်းခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလှောင်တမံများတွင် ရေဝင်နည်းပါးခြင်းတို့ကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်ပါသဖြင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ပါရန် အကြံပြုထားသည်။

အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။

(မိုး/ဇလ)

အိမ်ထောင်စုရေ ချွေတာရေး နည်းလမ်းကောင်းများ

၁။ ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက် ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။





၂။ ရေချိုးချိန်နှင့် နေ့စဉ် ရေသုံးစွဲမှုကို လျော့ချပါ၊ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန် ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။

၃။ အဝတ်လျှော်ရာတွင် တစ်ထည်ချင်း / နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော် စက်သုံးလျှင် တစ်ခါတည်း စုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်က ဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိ စောင့်၍ စုစည်းဆေးကြောပါ။



၄။ အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန် စီစဉ်ပါ။
(ဥပမာ - ဟင်းသီးဟင်းရွက်ဆေးကြောထားသော ရေများ၊
ဆန်ဆေးရေများကို အပင် ရေလောင်းရာတွင် ပြန်လည် အသုံးပြုပါ။)



၅။ ရေကို စနစ်တကျ အသုံးပြုမှု အလေ့အထများကို အသိပညာပေး မျှဝေပါ။
မိမိတို့၏ အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာ သုံးစွဲခြင်း၏ အရေးပါပုံကို အသိပညာပေး မျှဝေခြင်းဖြင့် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သွားရေ ချွေတာသုံးစွဲရေးဆိုင်ရာ နှိုးဆော်ချက်

၁။ အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။
ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိအသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။





၂။ မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြံဆဆောင်ရွက်ပါ။

၃။ ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့်ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။





၄။ သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။



၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်း ဓာတ်အားလိုင်း ပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်နေစဉ် အကြမ်းဖက် သမားများ၏ FPV Drone ဖြင့် တိုက်ခိုက်မှု ကြောင့် Wheel Loader ၏ ပျက်စီးခဲ့မှု မှတ်တမ်း ဓာတ်ပုံ။





အကြမ်းဖက်သမားများ၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် တောင်ငူ-သာယာကုန်း ဓာတ်အားလိုင်း ၂၃၀ ကေဗွီပျက်စီးခဲ့သည့်မှတ်တမ်းဓာတ်ပုံ။





၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်း ဓာတ်အားလိုင်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုမှတ်တမ်းဓာတ်ပုံများ။

▲ ကျော်ဖုံးမှအဆက်

One of these attacks, known as SQL injection, allows hackers to manipulate an application's connection to its database and potentially access information they should not be able to see.

For drivers, that could include vehicle information, trip records, or other sensitive customer data.

Dr Basu says: 'What makes this particularly concerning is that these are well–known web security problems, yet they are now part of the automotive cybersecurity landscape.

'We also identified vulnerabilities involving privilege escalation and memory corruption, which can be particularly concerning in systems with access to sensitive vehicle functions.'

The researchers say there are a few simple steps that drivers can take to protect themselves from a potential cyber–attack.

Car owners should install software updates as soon as manufacturers make them available, use strong passwords for car–connected accounts, and be cautious of mobile applications linked to their vehicle.

Additionally, drivers should review the privacy settings on their devices and be mindful of personal and location information shared with connected services.

However, although these steps can help you stay safe, Dr Basu says the responsibility should ultimately lie with the vehicle manufacturers themselves.

She says: 'Drivers cannot reasonably be expected to identify hidden vulnerabilities in complex automotive software.

'Manufacturers need to build cybersecurity into vehicles from the earliest design stages, rather than treating it as a final check before release.' **Mail Online**

ပဲခူးမြို့ရှိ သမိုင်းဝင်အထင်ကရနေရာများသို့ တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်းမှ ကျောင်းသားများလာရောက်လေ့လာ

ပဲခူး နိုဝင်ဘာ ၁

တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းမှ Grade-10, Grade-11, Grade -12 ကျောင်းသားများသည် ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင်စေတီ၊ ပုထိုးများနှင့် အထင်ကရနေရာများသို့ လေ့လာရေးခရီးစဉ် အဖြစ်လာရောက်သည်ဟုတ်လေ့လာကြကြောင်းသိရသည်။



ရှေးဦးစွာ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းမှ အုပ်ချုပ်သူ အရာရှိ ၃ ဦး၊ နည်းပြ ၁၇ ဦး၊ ကျောင်းသား ၁၀၀ ဦး စုစုပေါင်း ၁၂၀ ဦးတို့သည် ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၊ မဟာစေတီတော်မြတ်ကြီး၊ ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော် စသည့် နေရာများသို့ သွားရောက် ဖူးမြော်လေ့လာလည်ပတ်ကြသည်။

လေ့လာရေးခရီးစဉ်အတွင်း ဘုရား၊ ပုထိုး၊ စေတီအသီးသီးမှ တာဝန်ရှိအလှည့်ကျဂေါပကများက သက်ဆိုင်ရာဘုရား၊ ပုထိုး၊ စေတီအလိုက် သမိုင်းဆိုင်ရာအထောက်အထားများကို လိုက်လံရှင်းလင်းပြသကြသည်။ လေ့လာရေးအဖွဲ့တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ဘုရား၊ ပုထိုး၊ စေတီများ ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြသည့်အပြင် ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်သို့ လေ့လာရာတွင် ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်နှင့် တာဝန်ရှိသူများက နန်းဆောင်တော်အသီးသီး၏ သမိုင်းဆိုင်ရာများကို လိုက်လံရှင်းလင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက လေ့လာမှတ်သားကြကြောင်း သိရသည်။

(၄၁၀)

မိတ္ထီလာမြို့နယ်၌ ကျေးလက်လမ်းတံတားများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျေးလက်လမ်းတံတားများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင်မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း(၀/၂မိုင်)၊ တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လူးခင်ခြင်းကန်ပတ်လမ်းပေါ်တွင် သံကူကွန်ကရစ်တံတား အရှည် ပေ ၅၀ တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း၊ မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်းအကျယ် ၂၄ ပေ ကတ္တရာလမ်းခဲ့ခြင်းနှင့် Platform ဆောင်ရွက်ခြင်း (၀/၄.၈မိုင်)နှင့်ပြည်သာယာ-မကျီးစု-ကန်နီ-သံကြိုးရလမ်းကတ္တရာခင်းခြင်းလုပ်ငန်း အရှည် (၀/၃မိုင်)ဆောင်ရွက်နေမှုတို့အား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှအင်ဂျင်နီယာချုပ်ဦးလှခိုင်၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) နှင့် တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ်(မြို့ပြ)မှ လုပ်ငန်းများအရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားကြောင်းသိရသည်။ (၆၀၂)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၄၀	၄၆၉၅	၄၆၄၅	၄၅၅၅	၄၇၀၀	၄၇၁၅	၄၇၄၅	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၄၅	၄၈၀၅	၄၇၃၅	၄၆၉၅	၄၇၀၅	၄၉၃၅
95 Ron	၄၇၉၀	၄၇၄၅	၄၆၉၅	၄၆၀၅	၄၇၅၀	၄၇၆၅	၄၈၀၀	၄၆၇၅	၅၀၄၅	၅၀၇၅	၄၆၉၅	၄၈၄၅	၄၇၉၀	၄၇၄၅	၄၇၅၅	၄၉၈၅
HSD (500 ppm)	၄၅၁၅	၄၆၆၅	၄၆၂၀	၄၅၃၀	၄၆၇၀	၄၆၈၀	၄၇၁၅	၄၆၀၀	-	၄၉၈၀	၄၆၂၀	၅၂၁၅	၄၇၀၅	၄၆၆၅	၄၆၇၅	၄၈၉၅
HSD (50 ppm)	၅၄၈၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၅၅	၅၆၉၀	၅၅၆၅	၅၉၃၅	၅၉၆၅	၅၅၉၀	၅၇၈၀	၅၆၈၀	၅၆၃၅	၅၆၄၅	၅၈၇၅
HSD (10 ppm)	၅၄၈၀	၅၆၃၅	၅၅၉၀	၅၄၉၅	၅၆၄၀	၅၆၅၅	၅၆၉၀	၅၅၆၅		၅၉၆၅	၅၅၉၀	၅၇၈၀	၅၆၈၀	၅၆၃၅	၅၆၄၅	၅၈၇၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၅	၄၄၃၅
95 Ron	၄၃၆၅	၄၄၈၆
HSD (500 ppm)	၄၃၀၈	၄၄၂၄
HSD (50 ppm)	၅၂၂၈	၅၃၆၂
HSD (10 ppm)	၅၂၂၈	၅၃၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပျောက်ဆုံးကြောင်း

ယဉ်ယဉ်အေး(ဘ)ဦးဟာစွန်းခေါ်သန်းအောင် ၁၃/လရန(နိုင်)၁၀၆၅၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၇၅၄၄၀

ဖခင်အမည်မှန်

ရှုမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့နယ်၊ မယ်ဆယ်ရွာနေ မနန်းနွန်းလောင် ၁၃/မဆန(နိုင်)၀၄၆၁၂၈ကိုင်ဆောင်သူ၏ဖခင်အမည်မှန်မှာ ဦးစိုင်းလုံးဆိုင်ဖြစ်ပါကြောင်း။ ဦးစိုင်းလုံးဆိုင်

ပျောက်ဆုံးကြောင်း

နော်ဖေါဘွေထူး(ဘ)ဦးရွှေထွန်းအေး ၁၄/ပသန(နိုင်)၂၃၅၇၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၅

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ ထီးဝါပလော အုပ်စု၊ ထီးဝါပလောကျေးရွာနေ ခင်ဝင်းမော်(ဘ)ဦးထွန်းမောင် ၁၀/သထန(နိုင်)၁၆၀၉၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 349874)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၈၅၃၉၃၅

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ ထီးဝါပလော အုပ်စု၊ ထီးဝါပလောကျေးရွာနေ မင်းစိုးအောင်(ဘ)ဦးမြင့်လှိုင် ၇/ကကန(နိုင်)၀၃၃၇၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 841311)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၀၂၈၆၉၂၂

ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ကျောဇေယျလမ်းနေ သင်းသင်းသက်နိုင်(ဘ)ဦးမြင့်စိုး ၃/ကကရ(နိုင်)၁၁၁၆၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 387150)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၉၆၇၈၃၁၁

ပျောက်ဆုံးကြောင်း

သိန်းဆိုင်(ဘ)ဦးမြဝေ ၅/ကလန(နိုင်)၀၄၅၀၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၅

ပျောက်ဆုံးကြောင်း

ဟသံဘဦး(ဘ)ဦးစိုးလှိုင် ၇/ရတန(နိုင်)၀၈၆၂၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ပြည့်ဖြိုးအောင်(ဘ)ဦးကျော်နိုင်ဦး ၇/ကဝန(နိုင်)၂၄၇၃၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ကော့ကရိတ်မြို့နေ နန်းနွယ်နီအေး(ဘ)ဦးလှရင် ၃/ကကရ(နိုင်)၂၃၁၉၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 599857)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း

မော်လမြိုင်မြို့နေ ထက်သူဝင်း(ဘ)ဦးအောင်ဝင်း ၁၀/မလမ(နိုင်)၂၀၃၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 863416)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း

ကျောက်တံခါးမြို့နေ ကျော်သူရ(ဘ)ဦးထွန်းလှအောင် ၇/ကတခ(နိုင်)၁၅၅၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 082094)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း

စုစုခိုင်(ဘ)ဦးသိုက်အေး ၈/စလန(နိုင်)၁၇၂၀၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နေ စိုးမိုးကျော်(ဘ)ဦးစံမြင့် ၉/ပဘန(နိုင်)၂၅၄၈၆၂ ကိုင်ဆောင်သူ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 476602)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း

ကလန်အောင်မြို့နေ ညီညီစုန်း(ဘ)ဦးဖေရှုန် ၆/ကလအ(နိုင်)၀၀၃၃၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 634798)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မကျီးပင်ကျေးရွာအုပ်စု၊ ရှားတုံးအိုင်ကျေးရွာနေ နိုင်မင်းထွေး(ဘ)ဦးတင်ဝင်း ၉/တကန(နိုင်)၁၆၉၁၂၈ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၇၅၄၄၀

ပျောက်ဆုံးကြောင်း

ဦးစိုးသိန်း(ဘ)ဦးမြင့်သိန်း ၉/တကန(နိုင်)၂၂၁၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 315100)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၇၀၇၉၇၅၀

အလိမ္မာစာမှာရှိ



ဂျပန်နိုင်ငံမှာ မောင်းသူမဲ့တက္ကစီဝန်ဆောင်မှု ပေးမယ့် Toyota နဲ့ Waymo

ဂျပန်နိုင်ငံ အနာဂတ်သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ မောင်းသူမဲ့ကားတွေ ပိုမိုအသုံးပြုလာနိုင်ဖို့ Toyota နဲ့ အမေရိကန်မောင်းသူမဲ့နည်းပညာကုမ္ပဏီ Waymo တို့ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူလိုက်ပါတယ်။ ဒီပူးပေါင်းမှုဟာ ဂျပန်နိုင်ငံမှာ မောင်းသူမဲ့တက္ကစီဝန်ဆောင်မှု တိုးချဲ့နိုင်ရေးအတွက် အရေးပါတဲ့ ခြေလှမ်းတစ်ခုဖြစ်ပါတယ်။

ကုမ္ပဏီနှစ်ခုက ဂျပန်နိုင်ငံမှာ မောင်းသူမဲ့ယာဉ်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အစီအစဉ်မှာ Toyota ရဲ့ မော်တော်ယာဉ်ထုတ်လုပ်မှုနဲ့ လုံခြုံရေးနည်းပညာတွေကို Waymo ရဲ့ မောင်းသူမဲ့စနစ်နဲ့ ပေါင်းစပ်အသုံးပြုသွားဖို့ ရှိပါတယ်။

Waymo ဟာ လက်ရှိအမေရိကန်နိုင်ငံအတွင်း မောင်းသူမဲ့တက္ကစီဝန်ဆောင်မှုပေးနေတဲ့ကုမ္ပဏီတစ်ခုဖြစ်ပြီး ကင်မရာ၊ ရေဒါနဲ့ LiDAR အာရုံခံကိရိယာတွေကို အသုံးပြုကာ ပတ်ဝန်းကျင်အခြေအနေကို အချိန်နှင့်တစ်ပြေးညီ ခွဲခြမ်းစိတ်ဖြာပြီး မောင်းနှင်နိုင်တဲ့ နည်းပညာကို ဖော်ဆောင်ထားပါတယ်။

ဂျပန်မှာတော့ ယာဉ်ကြောအခြေအနေ၊ လမ်းအမှတ်အသားနဲ့ ယာဉ်မောင်းနှင်မှုစည်းမျဉ်းတွေနဲ့ကိုက်ညီအောင် နည်းပညာကိုပြုပြင်မွမ်းမံဖို့ လိုအပ်နေပါတယ်။ ဒီလို ပူးပေါင်းမှုဟာ ယာဉ်မောင်းရှားပါးလာမှုနဲ့ သက်ကြီးရွယ်အိုဦးရေ မြင့်တက်လာမှုကို ရင်ဆိုင်နေရတဲ့ ဂျပန်နိုင်ငံအတွက်တော့ အထောက်အကူကောင်းတစ်ခုဖြစ်လာနိုင်ပါတယ်။

Ref: EA

ကိုထက်

ဆီးချိုရောဂါကုသရေးအတွက်ပစ်မှတ်ဖြစ်တဲ့ ကြွက်သားအတွင်းရှိ ပရိုတင်းတစ်မျိုး

အမျိုးအစား (၂) ဆီးချိုရောဂါရှိသူတွေရဲ့ ကြွက်သားအတွင်း ပမာဏမြင့်တက်နေတဲ့ Miro1 ပရိုတင်းဟာ အင်ဆူလင်တုံ့ပြန်နိုင်စွမ်းကို အနှောင့်အယှက်ပေးနေကြောင်း သုတေသီတွေရှာဖွေတွေ့ရှိခဲ့ပါတယ်။ ဒီတွေ့ရှိချက်ဟာ ဆီးချိုရောဂါကုသရေးအတွက် ယခင်က အာရုံစိုက်မှုနည်းခဲ့တဲ့ ဇီဝဆိုင်ရာပစ်မှတ်တစ်ခုကို ဖော်ထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။


အမေရိကန်နိုင်ငံ Pennington Biomedical Research Center မှ သုတေသီတွေဟာ Miro1 ပရိုတင်းနဲ့ အင်ဆူလင်တုံ့ပြန်မှုကြားဆက်စပ်မှုကို လေ့လာခဲ့ကြတာဖြစ်ပါတယ်။ Miro1 ဟာ ကလာပ်စည်းတွေအတွက် စွမ်းအင်ထုတ်လုပ်ပေးတဲ့ မိုက်တိုကွန်ဒရီးယားရဲ့ အပြင်ဘက်အလွှာမှာတည်ရှိတဲ့ ပရိုတင်းတစ်မျိုးဖြစ်ပါတယ်။

သုတေသီတွေက စမ်းသပ်မှုမှာ Miro1 ပရိုတင်းကိုဖယ်ရှားလိုက်တဲ့အခါကြွက်သားကလာပ်စည်းတွေရဲ့ အင်ဆူလင်တုံ့ပြန်နိုင်စွမ်းနဲ့ စွမ်းအင်ထုတ်လုပ်နိုင်စွမ်း တိုးတက်လာတာကို တွေ့ရှိခဲ့ပါတယ်။ လူနာတွေမှာလည်း အေရိုးဗစ်လေ့ကျင့်ခန်းပြုလုပ်စေတဲ့ ကျပန်းထိန်းချုပ်လေ့လာမှုတစ်ခုအတွင်း ကြွက်သားရှိ Miro1 ပမာဏ လျော့ကျလာပြီး အင်ဆူလင်တုံ့ပြန်နိုင်စွမ်း တိုးတက်လာတာကိုလည်းတွေ့ရှိခဲ့ပါတယ်။

ဒီရလဒ်က ပုံမှန်လေ့ကျင့်ခန်းလုပ်ခြင်းဟာ ဆီးချိုရောဂါထိန်းချုပ်ရေးမှာ အကျိုးရှိနိုင်တဲ့ ဇီဝဖြစ်စဉ်တစ်ခုကို ပိုမိုနားလည်စေခဲ့ပါတယ်။ ဒါက ဆီးချိုရောဂါကုသမှုကို ဖော်ထုတ်ရာမှာအရေးပါတဲ့ ပစ်မှတ်တစ်ခုဖြစ်လာနိုင်ပါတယ်။

Ref: STD

ကိုထက်



မောင်းသူမဲ့လေယာဉ်ကိုပစ်လွှတ်နိုင်တဲ့ တရုတ်ရဲ့ Type 076

တရုတ်နိုင်ငံဟာ လေယာဉ်ပစ်လွှတ်စနစ်တပ်ဆင်ထားတဲ့ ကမ္ဘာ့ပထမဆုံး ကုန်းရေနှစ်သွယ် တိုက်ခိုက်ရေးသင်္ဘောအဖြစ် ဖော်ပြခံထားရတဲ့ Type 076 Sichuan ပေါ်ကနေ ကိုယ်ပျောက်တိုက်ခိုက်ရေးဒရုန်းတစ်စင်းကို ပထမဆုံးအကြိမ်ပစ်လွှတ်ခြင်းနဲ့ ပျံတက်ဆင်းသက်မှုကိုစမ်းသပ်နိုင်ခဲ့ပါတယ်။ ဒီစမ်းသပ်မှုဟာ တရုတ်ရေတပ်ရဲ့ မောင်းသူမဲ့လေကြောင်းစစ်ဆင်ရေးစွမ်းရည်တိုးတက်လာမှုကို ပြသတဲ့အရေးပါသောမှတ်တိုင်တစ်ခုဖြစ်ပါတယ်။

GJ-21 အမျိုးအစား ကိုယ်ပျောက်ကင်းထောက်နဲ့ တိုက်ခိုက်ရေးဒရုန်းဟာ Sichuan သင်္ဘောပေါ်ကနေ ပျံတက်ခြင်းနဲ့ ပြန်လည်ဆင်းသက်ခြင်းတို့ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီစမ်းသပ်မှုကို တရုတ်နိုင်ငံပိုင်သတင်းဌာနကလည်း အတည်ပြုဖော်ပြခဲ့ပါတယ်။

Sichuan သင်္ဘောမှာ လျှပ်စစ်သံလိုက်စွမ်းအင်အသုံးပြု လေယာဉ်ပစ်လွှတ်စနစ် (EMALS) နဲ့ ပြန်ဆင်းလာတဲ့ လေယာဉ်ကို ကြိုးဖြင့် ဖမ်းယူရပ်တန့်ပေးတဲ့ စနစ်တို့ တပ်ဆင်ထားပါတယ်။ အဲဒီနည်းပညာတွေကြောင့် သမားရိုးကျကုန်းရေနှစ်သွယ်သွား တိုက်ခိုက်ရေးသင်္ဘောတွေမှာ အသုံးပြုရခက်ခဲတဲ့ ပုံသေတောင်ပံတပ် မောင်းသူမဲ့လေယာဉ်တွေကိုပါ ပင်လယ်ပြင်ကနေ တိုက်ရိုက်အသုံးပြုနိုင်လာပါတယ်။ တန်ချိန် ၄၀၀၀၀ ကျော်ရှိတဲ့ Sichuan ဟာ အလျားမီတာ ၂၅၀ ခန့်ရှိတဲ့ ပျံသန်းရေးကုန်းပတ်ကို ပိုင်ဆိုင်ထားပါတယ်။ ဒီသင်္ဘောဟာ မူလက တပ်ဖွဲ့ဝင်တွေနဲ့ တိုက်ခိုက်ရေးပစ္စည်းတွေ သယ်ဆောင်ဖို့ရည်ရွယ်ထားတဲ့ သင်္ဘောဖြစ်ပါတယ်။

Ref: IE

ကိုထက်



Joby လျှပ်စစ်ဝေဟင်တက္ကစီကို ဖလော်ရီဒါတွင် စမ်းသပ်ပျံသန်း

လေကြောင်းနည်းပညာကုမ္ပဏီ Joby Aviation ဟာ လျှပ်စစ်စွမ်းအင်သုံး ဝေဟင်တက္ကစီတွေကို ပုံမှန်သယ်ယူပို့ဆောင်ရေးစနစ်မှာ ထည့်သွင်းအသုံးပြုနိုင်ရေးအတွက် ဖလော်ရီဒါပြည်နယ်တစ်ဝန်း စမ်းသပ်ပျံသန်းမှုတွေ စတင်လိုက်ပါတယ်။ ဒီအစီအစဉ်ဟာ မြို့တွင်းနဲ့ မြို့အချင်းချင်းခရီးသွားလာမှုကို လမ်းကြောပိတ်ဆို့မှုမရှိစေဘဲ ဝေဟင်ကနေ ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။

Joby Aviation ဟာ ပထမဆုံးခရီးစဉ်အဖြစ် ဖလော်ရီဒါပြည်နယ်မှာရှိတဲ့ စိန့်ပီတာစဘတ်မြို့ Albert Whitted လေဆိပ်ကနေ Tampa အပြည်ပြည်ဆိုင်ရာလေဆိပ်အထိ ပျံသန်းခဲ့ပါတယ်။ ဒီခရီးစဉ်ဟာ ၁၉၁၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်က ကမ္ဘာ့ပထမဆုံး ပုံမှန်အချိန်ဇယားဖြင့်ပြေးခဲ့တဲ့ ခရီးသည်တင်လေကြောင်းဝန်ဆောင်မှု စတင်ခဲ့ရာ လမ်းကြောင်းကိုပြန်လည်အသုံးပြုထားတာလည်း ဖြစ်ပါတယ်။

Joby ရဲ့ S4 လေယာဉ်ဟာ လေယာဉ်မျူးတစ်ဦးအပါအဝင် ခရီးသည်လေးဦးအထိ တင်ဆောင်နိုင်ပြီး အမြန်ဆုံးတစ်နာရီ ၃၂၂ ကီလိုမီတာနှုန်းနဲ့ မောင်းနှင်နိုင်ပါတယ်။ ဒေါင်လိုက်ပျံတက်ဆင်းသက်တဲ့ eVTOL အမျိုးအစားဖြစ်တာကြောင့် ပုံမှန်လေယာဉ်ပြေးလမ်းရှည်တွေ မလိုအပ်ပါဘူး။ လျှပ်စစ်မော်တာအသုံးပြုထားတာကြောင့် ပျံသန်းစဉ်မှာကာဗွန်ထုတ်လွှတ်မှုမရှိပါဘူး။ အခုတော့ ဘေးကင်းရေးအတွက် စိတ်ချရမှုရှိအောင် စမ်းသပ်ပျံသန်းမှုကိုလုပ်နေတာဖြစ်ပါတယ်။

Ref: IE


ကိုထက်



အင်္ဂါဂြိုဟ်မှ နှစ်ပေါင်း ၄ ဒသမ ၁ ဘီလီယံရှိကျောက်တုံးကို ကမ္ဘာတွင်တွေ့ရှိ

အင်္ဂါဂြိုဟ်ရဲ့ အစောပိုင်းသမိုင်းကြောင်းနဲ့ ရှေးဟောင်းရေထုအခြေအနေတွေကို ဖော်ထုတ်နိုင်မယ့် သက်တမ်းနှစ်ပေါင်း ၄ ဒသမ ၁ ဘီလီယံရှိ ကျောက်တုံးတစ်တုံးကို မိမိတို့ကမ္ဘာမြေပေါ်မှာ ရှာဖွေတွေ့ရှိခဲ့ပါတယ်။ အဲဒီကျောက်တုံးကိုအာဖရိကတိုက် မာလီနိုင်ငံရှိ ဆာဟာရသဲကန္တာရအတွင်း ရှာဖွေတွေ့ရှိခဲ့တာပါ။

Teghaza 001 လို့ အမည်ပေးထားတဲ့ အဲဒီကျောက်တုံးကို ၂၀၂၂ ခုနှစ်မှာ ကန္တာရအတွင်း လှည့်လည်ရှာဖွေသူတွေက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ အလေးချိန် ၈၀၀ ဂရမ် ခန့်ရှိပြီး ပန်းရောင်သန်းနေတဲ့ကျောက်တုံးဟာ အစပိုင်းမှာ သာမန်အင်္ဂါဂြိုဟ်မှကြွေကျလာတဲ့ဥက္ကာခဲတစ်ခုလို့ယူဆပေမယ့်အသေးစိတ်စစ်ဆေးမှုတွေအရ အင်္ဂါဂြိုဟ်ရဲ့ ရှေးအကျဆုံး ကျောက်လွှာအစိတ်အပိုင်းတွေထဲက တစ်ခုဖြစ်ကြောင်းသိရှိခဲ့ရပါတယ်။



NASA ရဲ့ ရန်ပုံငွေထောက်ပံ့မှုနဲ့ ပြုလုပ်ခဲ့တဲ့ သုတေသနမှာ ကျောက်တုံးရဲ့ ဓာတ်သတ္တုဖွဲ့စည်းပုံနဲ့ အိုင်ဆိုတုပ်တွေကို စစ်ဆေးတာပါ။ စစ်ဆေးမှုရလဒ်အရ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄ ဒသမ ၁ ဘီလီယံခန့်က အင်္ဂါဂြိုဟ်ရှိမြေအောက်ရေတွေဟာ ကျောက်သားတွေနဲ့ ဓာတ်ပြုခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါဟာ အင်္ဂါဂြိုဟ်ရဲ့ အစောပိုင်းကာလမှာ ရေသံသရာလည်ပတ်မှုအကြောင်းကိုပြသနေတာဖြစ်ပါတယ်။ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်ကလည်း ဒီလိုကျောက်တုံးမျိုးကိုအင်္ဂါဂြိုဟ်တောင်ပိုင်းရဲ့ ကုန်းမြင့်ဒေသမှာရှာဖွေတွေ့ရှိခဲ့ပါတယ်။

Ref: IE

ကိုထက်



အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(A) ပထမပွဲစဉ်တွင် ဧရာဝတီ ယူနိုက်တက်အသင်း လက်ရှိချန်ပီယံနာဂိုရန်း(မြောက်ကိုရီးယား)အသင်းကို အရေးနိမ့်



ရန်ကုန် နိုဝင်ဘာ ၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(A)ပွဲစဉ်တစ်ပွဲဖြစ်သည့် မြန်မာကလပ်ဧရာဝတီယူနိုက်တက်အသင်းနှင့် လက်ရှိချန်ပီယံ နာဂိုရန်း(မြောက်ကိုရီးယား) အသင်းတို့ ပွဲစဉ်ကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ပြုလုပ်ရာ ဧရာဝတီယူနိုက်တက်အသင်းသည် ၇ ဂိုး ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

ပထမပိုင်းပွဲစသည်နှင့် နာဂိုရန်းအသင်းက ဘောလုံးပိုင်ဆိုင်မှု ယူကာပွဲကိုဦးဆောင်ကစားခဲ့သည်။ ဧရာဝတီယူနိုက်တက်အသင်းကလည်း မိမိအသင်းထက်ခြေစွမ်းပိုင်းသာလွန်ကောင်းမွန်ပြီးအတွေ့အကြုံရင့်အသင်းကို အဖွင့်ဂိုးမပေးရရေး ခံစစ်ကို အကောင်းဆုံးပိတ်ဆို့ကစားခဲ့သည်။ နာဂိုရန်းအသင်းသည် အာရှအင်အားကြီးချန်ပီယံအသင်းတစ်သင်းဖြစ်သည်နှင့်အညီ ပြိုင်ဘက်အသင်းကို တရစပ်ဖိအားပေးတိုက်စစ်ဆင် ကစားခဲ့သော်လည်း ဧရာဝတီယူနိုက်တက်အသင်း နောက်တန်းနှင့် ဂိုးသမားအိစန္ဒာဇော်တို့၏ လက်စွမ်းပြနိုင်မှုကြောင့် ဦးဆောင်ဂိုး ခွင့်မပြုခဲ့ရခြင်းဖြစ်သည်။ ပွဲချိန်ကြာလာသည်နှင့်အမျှ တိုက်စစ်နှင့် ခံစစ်အားပြိုင်ရင်း နာဂိုရန်းအသင်း၏ထိရောက်သော တိုက်စစ်က ပွဲကစားချိန် ၄၂ မိနစ်မှ စတင်ကာ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သလို ဧရာဝတီအသင်း နောက်တန်း ခံစစ်ဖျက်ထုတ်ရင်း ဒုတိယဦးဆောင်ဂိုးပေးလိုက်ရ၍ ပထမပိုင်းအပြီးတွင် ၂ ဂိုး ဂိုးမရှိဖြင့် နာဂိုရန်းအသင်းက ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် ချေပဂိုးရရှိရေး ဧရာဝတီအသင်း တိုက်စစ်ဖွင့်ကစားခဲ့ရာ ကုရုမိအီဝါရှိတာဂိုးသွင်းယူနိုင်ခဲ့သော်လည်း လူကျွံခဲ့၍ ချေပဂိုးတစ်ဂိုး နစ်နာခဲ့ရသည်။ နောက်ပိုင်းတွင် နာဂိုရန်းအသင်းကသာပွဲကိုစိတ်ကြိုက်ပုံဖော်ကစားလာပြီး ဦးဆောင်ဂိုးများထပ်မံသွင်းယူခဲ့သည်။ နည်းစနစ်ပိုင်း၊ခြေစွမ်းပိုင်းကွာဟမှုကြောင့် ပြိုင်ပွဲအသာစီးရသည့် နာဂိုရန်းအသင်းသည် ပွဲပြီးဆုံးချိန်ထိ တိုက်စစ်အားမချဘဲ ဧရာဝတီယူနိုက်တက်အသင်း ဘက်ကို ဂိုးများသွင်းယူနိုင်ခဲ့ရာ ပွဲကစားချိန်ပြီးဆုံးချိန်တွင် ၇ ဂိုး ဂိုးမရှိဖြင့် နာဂိုရန်းအသင်းက အနိုင်ရရှိသွားသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အုပ်စု(A) တွင် နာဂိုရန်း(မြောက်ကိုရီးယား)၊ ကိုဘေး (ဂျပန်)၊ ဘမ်ခါတွန်(အီရန်)၊ ဧရာဝတီ(မြန်မာ)အသင်းတို့ပါဝင်ပြီး ဧရာဝတီယူနိုက်တက်အသင်းသည် နိုဝင်ဘာလ ၄ ရက်တွင် အုပ်စု ဒုတိယပွဲအဖြစ် ကိုဘေး(ဂျပန်) အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့် ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးနှစ်သင်း စုစုပေါင်းရှစ်သင်း ကွာတားဖိုင်နယ်တက်ရောက်ခွင့် ရမည်ဖြစ်၍ ဧရာဝတီယူနိုက်တက်အသင်းသည် အကောင်းဆုံးအုပ်စုတတိယနေရာရထိပ်ဆုံးနှစ်သင်းတွင် ပါဝင်ရန် အာရှအင်အားကြီးအသင်းများနှင့် အတော်လေး ရုန်းကန်ကြိုးစားယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ



မီလန်ဒါဘီတွင် အေစီမီလန်အသင်းက အင်တာမီလန်အသင်းကို အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၁

အီတလီစီးရီးအေပြိုင်ပွဲပွဲစဉ်(၁၀) မီလန်ဒါဘီအဖြစ်အေစီမီလန်အသင်းနှင့်အင်တာမီလန်အသင်းတို့ အီတလီနိုင်ငံ မီလန်မြို့ Stadio Giuseppe Meazza ကွင်း၌ နိုဝင်ဘာလ ၁ ရက် နံနက် ၂ နာရီ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားကြရာ အေစီမီလန်အသင်းက အင်တာမီလန်အသင်းကို အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲကစားချိန် ၄ မိနစ်နှင့် ၁၀ မိနစ်တို့တွင် ပူလီဆစ်နှင့် ရာဘီယော့တို့က အေစီမီလန်အသင်းအတွက် ဂိုးများသွင်းယူပေးခဲ့ကြသည်။ ဆက်လက်၍ ပွဲကစားချိန် ၂၂ မိနစ်တွင် အင်တာမီလန်အသင်းကစားသမား ဘက်စတိုနီက ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူပေးခဲ့သော်လည်း ပွဲကစားချိန် ၄၃ မိနစ်တွင် မိုရီရာကအေစီမီလန်အသင်းအတွက် ဖရီးကစ် တိုက်ရိုက်ကန်သွင်းပြီး တတိယမြောက်ဂိုး သွင်းယူပေးခဲ့သောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် အေစီမီလန်အသင်းက အင်တာမီလန်အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် အင်တာမီလန်အသင်းတိုက်စစ်မြှင့်ကစားခဲ့သော်လည်း ကျစ်လျစ်ခိုင်မာသည့် အေစီမီလန်အသင်း ခံစစ်ကို ကျော်ဖြတ်နိုင်ခြင်းမရှိသောကြောင့် ပွဲပြီးဆုံးချိန်တွင် အေစီမီလန်အသင်းက အင်တာမီလန်အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဇင်မင်းဦး

တော့တင်ဟမ်ဟော့စပါးအသင်း ခရစ္စတယ်ပဲလေ့စ်အသင်းကိုအနိုင်ရ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သုံးပွဲဆက်နိုင်ပွဲဖြစ်လာ

ရန်ကုန် နိုဝင်ဘာ ၁

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) အဖြစ် တော့တင်ဟမ်ဟော့စပါးအသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ Tottenham Hotspur ကွင်း၌ နိုဝင်ဘာလ ၁ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ တော့တင်ဟမ်ဟော့စပါးအသင်းက အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်း တိုက်စစ်မှူးမာတေတာဂက ပွဲကစားချိန် ၁၃ မိနစ်တွင်တော့တင်ဟမ်ဟော့စပါးအသင်း နောက်ခံလူ ဗန်ဒီဗင်ကို ပြင်းထန်စွာဖျက်ထုတ်ခဲ့သဖြင့် ကွင်းလယ်ဒိုင်လူကြီး မိုက်ကယ်အိုလီဗာက VAR ပြန်လည်ကြည့်ရှုပြီးနောက်တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည်။ ထို့နောက်တော့တင်ဟမ်ဟော့စပါးအသင်း တိုက်စစ်မြှင့်ကစားခဲ့ပြီး ပွဲကစားချိန် ၂၅ မိနစ်တွင် တော့တင်ဟမ်ဟော့စပါးအသင်း ကစားသမား အာချီဂရေးက ဦးဆောင်ဂိုး သွင်းယူပေးခဲ့သောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် တော့တင်ဟမ်ဟော့စပါးအသင်းက တစ်ဂိုးအသာဖြင့်ဦးဆောင်နိုင်ခဲ့သည်။

ဆက်လက်၍ ဒုတိယပိုင်းပွဲကစားချိန် ၇၃ မိနစ်တွင် ဗန်ဟက်ကီက တော့တင်ဟမ်ဟော့စပါးအသင်းအတွက် ဒုတိယမြောက်ဂိုးကိုသွင်းယူပေးခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် တော့တင်ဟမ်ဟော့စပါးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို နစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး သုံးပွဲဆက် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

တော့တင်ဟမ်ဟော့စပါးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲပွဲစဉ်(၁၀)အဖြစ် နိုဝင်ဘာလ ၇ ရက်တွင် လိဒ်ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ZMO

၁-၁၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၀၅၀,၀၀၀) ကျပ်ဖြစ်သည်။ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

မန်ယူအသင်းကိုအနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းမှ ကိုးလ်ပယ်မာနှင့် မော်ဂန်ရော်ဂျာတို့ မှတ်တမ်းကောင်းများရရှိ

လန်ဒန် နိုဝင်ဘာ ၁

ချယ်လ်ဆီးအသင်းက မန်ယူအသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းကွင်းလယ်ကစားသမားများဖြစ်ကြသည့် ကိုးလ်ပယ်မာနှင့် မော်ဂန်ရော်ဂျာတို့အနေဖြင့် မှတ်တမ်းကောင်းများ အသီးသီးရရှိခဲ့သည်။

အဆိုပါပွဲစဉ်၌ ကိုးလ်ပယ်မာသည် ပွဲချိန် ၆၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ပြီး ချယ်လ်ဆီးအသင်း သမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်သွင်းဂိုး ၅၀ ကို ပွဲအနည်းဆုံးဖြင့် ပြည့်မြောက်သည့် တတိယမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ကိုးလ်ပယ်မာသည် ချယ်လ်ဆီးအသင်းအတွက် ပရီးမီးယားလိဂ် သွင်းဂိုး ၅၀ ကို ၁၀၅ ပွဲကစားပြီးချိန်တွင် ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်း သမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်သွင်းဂိုး ၅၀ ကို ပွဲအနည်းဆုံးဖြင့်ပြည့်မြောက်ခဲ့သည့် ကစားသမားအဖြစ်



ဟက်ဆယ်ဘလန့်က ၈၄ ပွဲဖြင့် လည်းကောင်း၊ ဒီယေဂိုကော်စတာက ၈၅ ပွဲဖြင့်လည်းကောင်း ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

အလားတူ မန်ယူအသင်းနှင့် ပွဲစဉ်၌ ပွဲချိန် မိနစ် ၅၀ တွင် ချယ်လ်ဆီးအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သည့် မော်ဂန်ရော်ဂျာသည်လည်း ချယ်လ်ဆီးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးပါဝင်ပတ်သက်မှု ၁၀ ကြိမ်အထိရှိလာသည့်အတွက် အသင်းဂန္ဓဝင် ကွင်းလယ်ကစားသမား တစ်ဦးဖြစ်သူ ဖရန့်လမ်းပတ်နောက်ပိုင်း ချယ်လ်ဆီးအသင်းနှင့် ပွဲဦးထွက်ဘောလုံးရာသီတွင် ဂိုးပါဝင်ပတ်သက်မှု ၁၀ ကြိမ်ပြုလုပ်နိုင်ခဲ့သည့် ပထမဆုံးအင်္ဂလန်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

မော်ဂန်ရော်ဂျာသည် ယခုဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းနှင့် ပွဲဦးထွက်ဘောလုံးရာသီ၌ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည်။ မော်ဂန်ရော်ဂျာအနေဖြင့် ချယ်လ်ဆီးအသင်းနှင့်အတူ ယခုဘောလုံးရာသီ ပြိုင်ပွဲစုံ ၁၂ ပွဲကစားပြီးချိန်တွင် ခြောက်ဂိုး သွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု လေးကြိမ် လုပ်ဆောင်ခဲ့ပြီးနောက် ယခုကဲ့သို့ မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ***Ref;Topskillsport UK***

အေစီမီလန်အသင်းက အဓိက ကစားသမား ပူလီဆစ်ကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆို

ရောမ နိုဝင်ဘာ ၁

အေစီမီလန်အသင်းက အသင်းမှအဓိက ကစားသမားတစ်ဦးဖြစ်သူ တောင်ပံတိုက်စစ်ကစားသမား ပူလီဆစ်ကို ၂၀၃၁ ခုနှစ်အထိ ကာလရှည်သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

ပူလီဆစ်သည် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ချယ်လ်ဆီးအသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်သူဖြစ်သည်။

ပူလီဆစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီတိုင်းတွင် အေစီမီလန်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းများက ခေါ်ယူရန်ပစ်မှတ်ထားခံနေရသူဖြစ်သည်။ ထို့ကြောင့် အေစီမီလန်အသင်းက အဓိက ကစားသမားတစ်ဦးကို လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာမှ ကာလရှည်သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

အေစီမီလန်အသင်းက ပူလီဆစ်နှင့် သက်တမ်းတိုးစာချုပ်သစ်အတွက် လုပ်ခလစာကို ကြေညာခဲ့ခြင်းမရှိသော်လည်း စာချုပ်သစ်အတွက် လုပ်ခလစာတိုးမြှင့်ရရှိမည်ဖြစ်သည်။

ပူလီဆစ်သည် အေစီမီလန်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၄၁ ပွဲကစားခဲ့ပြီး ၄၄ ဂိုးသွင်းယူထားကာ ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ကိုးပွဲကစားပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှုတစ်ကြိမ်လုပ်ဆောင်ထားကြောင်း သိရသည်။ ***Ref;Topskillsport UK***



ချန်ပီယံစိန်ခေါ်ပွဲယှဉ်ပြိုင်ပြီးလျှင် ပရော်ဖက်ရှင်နယ်ဖိုက်တာဘဝမှ အပြီးတိုင်အနားယူမည်ဟု ရုရှားဖိုက်တာ မာခါချက်ဗ်အတည်ပြု

မော်စကို နိုဝင်ဘာ ၁

ရုရှားထိပ်တန်း UFC ဖိုက်တာတစ်ဦးဖြစ်သည့် မာခါချက်ဗ်က ချန်ပီယံစိန်ခေါ်ပွဲတစ်ပွဲ ယှဉ်ပြိုင်ပြီးလျှင် ပရော်ဖက်ရှင်နယ်ဖိုက်တာဘဝမှ အပြီးတိုင်အနားယူမည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

မာခါချက်ဗ်သည် UFC ကမ္ဘာ့လိုက်ဖိဝိတ်တန်းချန်ပီယံဟောင်းတစ်ဦးဖြစ်သည့် အပြင် လက်ရှိတွင်လည်း UFC ကမ္ဘာ့ဝယ်လ်တာဝိတ်တန်းချန်ပီယံအဖြစ်လည်း ရပ်တည်လျက်ရှိသူဖြစ်သည်။

မာခါချက်ဗ်က "လာမယ့်ပွဲစဉ်က ကျွန်တော့်ဖိုက်တာဘဝနောက်ဆုံးပွဲစဉ်ပါ။ နောက်တစ်ပွဲယှဉ်ပြိုင်ပြီးရင် ပရော်ဖက်ရှင်နယ်ဖိုက်တာဘဝကနေ အပြီးတိုင်အနားယူမှာပါ။ လက်ရှိ UFC ကမ္ဘာ့ဝယ်လ်တာဝိတ်တန်းမှာ ပရာတက်ဖ်က အန္တရာယ်များတဲ့ ဖိုက်တာတစ်ဦးပါ။ ပြီးရင် မိုရာလက်ကလည်း ကျွန်တော့်ထက်ကောင်းတဲ့ဖိုက်တာတစ်ဦးလို့ လူတွေပြောကြတာကြားပါတယ်။ ကျွန်တော် သူတို့နှစ်ယောက်ထဲက အနိုင်ရရှိတဲ့သူနဲ့ နောက်ဆုံးပွဲစဉ်ယှဉ်ပြိုင်ပြီး ဖိုက်တာဘဝကနေ အနားယူမှာပါ။ UFC ကမ္ဘာ့ဝယ်လ်တာဝိတ်တန်းမှာ ဘယ်သူကအကောင်းဆုံးလဲဆိုတာကို သက်သေပြပြီး အနားယူချင်ပါတယ်"ဟု ပြောသည်။

မာခါချက်ဗ်သည် ပရော်ဖက်ရှင်နယ်ဖိုက်တာဘဝတွင် ၂၉ ပွဲနိုင်၊ တစ်ပွဲရှုံးမှတ်တမ်းကို ပိုင်ဆိုင်ထားသူဖြစ်ပြီး UFC ပြိုင်ပွဲများတွင် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ၁၇ ပွဲဆက်နိုင်ပွဲရယူထားနိုင်သူဖြစ်ကြောင်း သိရသည်။

Ref;MMA Tales

ဗီယင်နာအိုးပင်း အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ဂျာမနီတင်းနစ်ကစားသမား ဇာဗီရက် ဆီမီးဖိုင်နယ်အဆင့်မှထွက်ခွာခဲ့ရ

ဗီယင်နာ နိုဝင်ဘာ ၁

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ကျင်းပလျက်ရှိသည့် ဗီယင်နာအိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ဂျာမနီထိပ်တန်းတင်းနစ်ကစားသမား ဇာဗီရက်နှင့် ဩစတြီးလျှတင်းနစ်ကစားသမား အဲလက်ဒီမိန္နအာတို့ကစားခဲ့ရာ ဇာဗီရက်က နှစ်ပွဲ တစ်ပွဲရလဒ်ဖြင့် ရှုံးနိမ့်ပြီးနောက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

ဗီယင်နာအိုးပင်း အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် လက်ရှိကမ္ဘာ့အဆင့် သတ်မှတ်ချက် အဆင့်(၁)နေရာ၌ ရပ်တည်နေသည့် ဇာဗီရက်သည် ချန်ပီယံဆုဆွတ်ခူးနိုင်ခြေ အဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသော်လည်း ပြိုင်ပွဲ၌ ဆီမီးဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ဇာဗီရက်နှင့် အဲလက်ဒီမိန္နအာတို့ပွဲစဉ်တွင် ပထမပွဲငယ်၌ အဲလက်ဒီမိန္နအာက (၆-၄)ရလဒ်ဖြင့်အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲငယ်တွင် ဇာဗီရက်က (၆-၁)ရလဒ်ဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည့်အတွက် နောက်ဆုံး အဆုံးအဖြတ်ပွဲစဉ်ဖြစ်သည့် တတိယပွဲငယ်ဆက်လက်ကစားခဲ့ရာ အဲလက်ဒီမိန္နအာက(၇-၆) ရလဒ်ဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည့်အတွက် နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဇာဗီရက်အနေဖြင့် ATP အဆင့် တစ်ဦးချင်းပြိုင်ပွဲ၌ အဲလက်ဒီမိန္နအာနှင့် အစောပိုင်းတွေ့ဆုံယှဉ်ပြိုင်သည့် ရှစ်ကြိမ်တွင် ပွဲစဉ်အားလုံး အနိုင်ရရှိခဲ့သော်လည်း ကိုးကြိမ်မြောက်တွင် ပထမဆုံးရှုံးပွဲ တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။

အဲလက်ဒီမိန္နအာသည် ဗီယင်နာအိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် စပိန်ထိပ်တန်းတင်းနစ်ကစားသမားဖြစ်သည့် အယ်ကာရက်ဇ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref;AGTP Tennis

မာဆေးလ်အသင်းကစားသမားများ လုပ်ခလစာလျှော့ယူရန်တောင်းဆိုမှုကိုငြင်းပယ်

ပဲရစ် နိုဝင်ဘာ ၁

မာဆေးလ်အသင်းက အသင်း၏ ငွေကြေးပိုင်း အကျပ်အတည်းများကြောင့် အသင်းမှကစားသမားများကို လုပ်ခလစာလျှော့ယူပေးရန် တောင်းဆိုခဲ့သော်လည်း ကစားသမားများက အသင်း၏တောင်းဆိုမှုကို ငြင်းပယ်ခဲ့ကြကြောင်း သိရသည်။

မာဆေးလ်အသင်းသည် လက်ရှိတွင် ငွေကြေးပိုင်းဆိုင်ရာ အကျပ်အတည်းနှင့် တွေ့ကြုံနေရပြီး ပြင်သစ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဝင်ငွေ၊ ထွက်ငွေ မမျှတသည့် စည်းမျဉ်းနှင့်ငြိစွန်း၍ ပြစ်ဒဏ်ချမှတ်ခံရနိုင်သည့်အရေးနှင့် ရင်ဆိုင်နေရသည့်အတွက် အသင်းအသုံးစရိတ်လျော့နည်းစေရေး အသင်းမှကစားသမားများကို လုပ်ခလစာလျှော့ယူပေးရန် တောင်းဆိုခဲ့သော်လည်း ကစားသမားများက အသင်း၏တောင်းဆိုမှုကို ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

မာဆေးလ်အသင်းအနေဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ငွေကြေးပိုင်းဆိုင်ရာအကျပ်အတည်းနှင့် တွေ့ကြုံခဲ့ရသည့်အတွက် ကစားသမားများကို စာချုပ်ပါ လုပ်ခလစာကို ၃၀ ရာခိုင်နှုန်း လျှော့ယူပေးရန် တောင်းဆိုခဲ့ရာ ကစားသမားများက လိုက်လျောခဲ့ပြီး လုပ်ခလစာလျှော့ယူခဲ့သော်လည်း ယခုအခါ ဒုတိယအကြိမ် လုပ်ခလစာ လျှော့ယူပေးရန် တောင်းဆိုမှုကို ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

မာဆေးလ်အသင်းသည် ကစားသမားများကို လုပ်ခလစာလျှော့ယူရန် တောင်းဆိုမှု အောင်မြင်ခြင်းမရှိခဲ့သည့်အတွက် အသင်း၏အသုံးစရိတ်လျှော့ချရန် တခြားနည်းလမ်းများကို အသုံးပြုရမည်ဖြစ်ပြီး ဇန်နဝါရီလအပြောင်းအရွှေ့ကာလ၌ ကစားသမားတချို့ကို ရောင်းချရန် ပြင်ဆင်နေကြောင်း သိရသည်။ ***Ref;Fabrizio Romano***

ဥရောပနိုင်ငံများတွင် အကြောင်းအရာမျိုးစုံဖြင့် ဆန္ဒပြပွဲများထပ်မံဖြစ်ပွား



မက်ဒရစ်၊ ဆန္ဒပြမှု

ဥရောပနိုင်ငံကြီးများရှိမြို့ကြီးများတွင် လူနေမှုစရိတ်မြင့်တက်လာခြင်း၊ အများပြည်သူဝန်ဆောင်မှုများနှင့် နိုင်ငံရေးအငြင်းပွားမှုများအပါအဝင် အကြောင်းအရာမျိုးစုံဖြင့် ဆန္ဒပြပွဲများထပ်မံဖြစ်ပွားကြောင်း Xinhua သတင်းဌာနက နိုဝင်ဘာလ ၁ ရက်တွင် ဖော်ပြထားသည်။

အဆိုပါဆန္ဒပြပွဲများကို အောက်တိုဘာလ ၃၁ ရက်တွင်လုပ်ဆောင်ကြခြင်းဖြစ်ပြီး ပြင်သစ်နိုင်ငံတွင် ဆန္ဒပြသူ ၃၂၀၀၀၀ ခန့်၊ ပါဝင်ကာပဲရစ်မြို့၌ ဆန္ဒပြသူ ၇၀၀၀၀ ခန့်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနကထုတ်ပြန်သည်။ ဆန္ဒပြပွဲကိုစီစဉ်သူများ၏ထုတ်ပြန်ချက်တွင်မူ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လူ ငါးသိန်းနီးပါး ပါဝင်ခဲ့ကြောင်း ခန့်မှန်းထားသည်။လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်နှင့် အရပ်ဘက်ဆိုင်ရာ စစ်ဘက်လုံခြုံရေးတပ်ဖွဲ့ဝင် ၇၀၀၀၀ ခန့်ကိုဖြန့်ကြက်ခဲ့ပြီး တစ်နိုင်ငံလုံးတွင် ဆူပူဆန္ဒပြသူ ၄၂၂ ဦးကို ဖမ်းဆီးလိုက်ရသည်။

ဂျာမနီနိုင်ငံတွင်လည်း အောက်တိုဘာလ ၃၁ ရက်တွင်မြို့ပေါင်း ၃၀ ကျော်၌ ဆန္ဒပြပွဲများဖြစ်ပွားခဲ့ပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ လူနေမှုစရိတ်လျော့ချရေးအတွက် လိုအပ်သည့်လုပ်ဆောင်မှုများကို အကောင်အထည်ဖော်ရေးတို့ကို တောင်းဆိုကြသည်။ ဆန္ဒပြသည့် မြို့များအနက် မြို့ ၁၂ မြို့မှ စာရင်းများအရ ဆန္ဒပြသူ ၆၈၀၀၀ ကျော် ပါဝင်ကြောင်း ဆန္ဒပြပွဲစီစဉ်သူများကပြောသည်။

ဆန္ဒပြသူအများစုမှာ ငြိမ်းချမ်းစွာဆန္ဒပြခြင်းဖြစ်သော်လည်း အချို့မှာမူ ရဲတပ်ဖွဲ့ဝင်များနှင့် ရုန်းရင်းဆန်ခတ်အခြေအနေများဖြစ်ပွားသည့် အတွက် ဖရန့်ဖတ်မြို့တွင် ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိကြောင်း၊ ဟမ်းဘာ့မြို့၌ အတားအဆီးများ မီးရှို့ခံရကြောင်း၊ ဘရီမန်မြို့၌ ရဲတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရကြောင်း သိရသည်။

အလားတူ အီတလီနိုင်ငံရှိမြို့ပေါင်း ၆၀ ကျော်တွင် အလုပ်သမားများနှင့် အခြားအဖွဲ့အစည်းများက ဆန္ဒပြမှုများလုပ်ဆောင်ရာ ဆန္ဒပြသူတစ်သန်းခွဲခန့်ပါဝင်ကြောင်း ဆန္ဒပြပွဲစီစဉ်သူများကပြောသော်လည်း တကယ်တမ်းတွင် ဆန္ဒပြသူဦးရေ နှစ်သိန်းခွဲသာရှိကြောင်းပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ထို့အတူ ပေါ်တူဂီ၊ ပိုလန်နှင့် စပိန်နိုင်ငံတို့တွင်လည်း အလားတူ ဆန္ဒပြမှုများဖြစ်ပွားကြောင်း သိရသည်။

Ref: Xinhua

တရုတ်က ထိုင်ဝမ်ကျွန်းအနီး ရေကြောင်းကင်းလှည့်မှုများ တိုးမြှင့်လုပ်ဆောင်

ပေကျင်း၊ စစ်ရေး

တရုတ်နိုင်ငံက ထိုင်ဝမ်ကျွန်းအနီးရေကြောင်းကင်းလှည့်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း၊ အထူးသဖြင့် ထိုကျွန်း၏အရှေ့ဘက်ခြမ်း၌ကမ်းခြေစောင့်တပ်ဖွဲ့၏ ကင်းလှည့်ရေယာဉ်များဖြင့် ရေကြောင်းကင်းလှည့်မှုများကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါကင်းလှည့်မှုကို ကမ်းခြေစောင့်တပ်ဖွဲ့မှကင်းလှည့်ရေယာဉ်တစ်စင်းဖြစ်သည့် ဟူရှိကဦးဆောင်နေခြင်းဖြစ်ပြီး ထိုသို့ကင်းလှည့်မှုသည် ထိုင်ဝမ်ကျွန်းအရှေ့ဘက်ခြမ်းဒေသ၌ တရားဥပဒေစိုးမိုးရေးအတွက် သမားရိုးကျလုပ်ရိုးလုပ်စဉ်သာဖြစ်ကြောင်း တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ကျန်းလျူကပြောသည်။

ထို့ပြင် တရုတ်အစိုးရသည် ကမ်းခြေစောင့်တပ်ဖွဲ့က ကင်းလှည့်ရေယာဉ်များအပြင် သုတေသနသင်္ဘောများကိုပါ အဆိုပါကျွန်းပတ်ဝန်းကျင်သို့ တိုးမြှင့်စေလွှတ်လာနေခြင်းဖြစ်ကြောင်း၊ ထိုသို့စေလွှတ်မှုများကြောင့် အမေရိကန်နှင့် တရုတ်(တိုင်ပေ)အစိုးရတို့အနေဖြင့် စိုးရိမ်မကင်းဖြစ်လာနေကြောင်း လေ့လာသူများကပြောသည်။

အမေရိကန်နိုင်ငံသည် တရုတ်(တိုင်ပေ)နှင့်တရားဝင်ဆက်ဆံရေး ထူထောင်ထားခြင်းမရှိသော်လည်း တရုတ်အစိုးရကတားမြစ်နေသည့်ကြားမှ တရုတ်(တိုင်ပေ)သို့ စစ်လက်နက်ပစ္စည်းများစွာကို ထောက်ပံ့ပေးခြင်းနှင့် ရောင်းချပေးခြင်းတို့ပြုလုပ်နေကြောင်းသိရသည်။

Ref: SCMP





မြောက်ကိုရီးယားက အဓိကလက်နက်စနစ် တစ်မျိုးကို အောင်မြင်စွာစမ်းသပ်နိုင်ဟုဆို

ပြိုယမ်း၊ စစ်လက်နက်

မြောက်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးသိပ္ပံသုတေသနဌာနများက အဓိကလက်နက်စနစ်တစ်မျိုးကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် KCNA သတင်းဌာနက နိုဝင်ဘာလ ၁ ရက်တွင်ဖော်ပြထားသည်။

ထိုလက်နက်စနစ်ကို စမ်းသပ်ရခြင်း၏ ရည်ရွယ်ချက်သည် နည်းဗျူဟာမြောက်အမြင့်ပျံဒုံးကျည်များတွင် တပ်ဆင်မည့် ပဒေသာဗုံးထိပ်ဖူး၏ တိုက်ခိုက်ရေးစွမ်းရည်နှင့်စွမ်းအားကို သိရှိနိုင်ရန်ဖြစ်သည်ဟု သတင်းဌာန၏ထုတ်ပြန်ချက်၌ဖော်ပြထားသည်။

ယခုစမ်းသပ်ခဲ့သော ပဒေသာဗုံးထိပ်ဖူးအမျိုးအစားမှာ စံပြပုံစံ–၂ ပဒေသာဗုံးထိပ်ဖူးဖြစ်ပြီး ထိုထိပ်ဖူးသည် ၁၂ ဟက်တာမှ ၁၃ ဟက်တာအတွင်းရှိ ဇရိယာကိုကွက်စိပ်ပြည့်ထိရောက်အောင် ဖျက်ဆီးနိုင်စွမ်းရှိကြောင်းတွေ့ရှိရသည်ဟု သတင်းဌာနက ဆက်လက်ဖော်ပြထားသည်။

စမ်းသပ်မှုတွင် ပဒေသာဗုံးထိပ်ဖူးများသည် အမျိုးအစားလေးမျိုးအတွင်းသို့ကျရောက်ခဲ့ကြောင်း မြောက်ကိုရီးယား၏ဒုံးတပ်ဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောသည်။ ထို့နောက် မြောက်ကိုရီးယားတပ်မတော်တစ်ရပ်လုံးအနေဖြင့် သက်ဆိုင်ရာစစ်ဆင်ရေးဆောင်ရွက်မှုကဏ္ဍအပေါ်မူတည်၍ ယခုနှစ်ကုန်ပိုင်းတွင် အဆိုပါပဒေသာဗုံးထိပ်ဖူးများကို အသုံးပြုသွားနိုင်စေမည်ဖြစ်ကြောင်း KCNA သတင်းဌာန၏ဖော်ပြချက်တွင်တွေ့ရသည်။ မြောက်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့်သီတင်းပတ်များတွင် ဒုံးကျည်စမ်းသပ်မှုများလုပ်ဆောင်ခြင်း၊ ဒရုန်းပြပွဲတစ်ခုကျင်းပခြင်းတို့ကိုဆောင်ရွက်ထားကြောင်းသိရသည်။ **Ref: RTA**

အပူလွန်ရာသီဥတုနှင့် မုတ်သုံလေအားနည်းမှုတို့ကြောင့် ဟောင်ကောင်တွင် နှစ်ပေါင်း ၁၄၂ နှစ်အတွင်း အပူဆုံးအောက်တိုဘာလ ဖြစ်ပေါ်

ဟောင်ကောင်၊ ရာသီဥတု

လက်ရှိဖြစ်ပေါ်နေသော အပူလွန်ရာသီဥတုဖြစ်စဉ်နှင့် အရှေ့မြောက်မုတ်သုံလေအားနည်းမှုတို့ကြောင့် ဟောင်ကောင်တွင် ၂၀၂၆ ခုနှစ် အောက်တိုဘာလက နှစ်ပေါင်း ၁၄၂ နှစ်အတွင်း အပူဆုံးအောက်တိုဘာလအဖြစ်မှတ်တမ်းဝင်ကြောင်း ဟောင်ကောင်မိုးလေဝသဌာနက ထုတ်ပြန်သည်။

အောက်တိုဘာလအတွင်း ပျမ်းမျှအမြင့်ဆုံးအပူချိန်မှာ ၃၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ်၊ ပျမ်းမျှအပူချိန်မှာ ၂၇ ဒသမ ၆ ဒီဂရီစင်တီဂရိတ်နှင့် ပျမ်းမျှအနိမ့်ဆုံးအပူချိန်မှာ ၂၅ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ရှိသည်ဟု မိုးလေဝသဌာန၏ အချက်အလက်များအရ သိရသည်။ ယင်းအပူချိန်သုံးမျိုးစလုံးသည် ၁၈၈၄ ခုနှစ်မှစတင်၍ မှတ်တမ်းတင်ခဲ့သည့် အောက်တိုဘာလ၏အပူချိန်များအနက် အမြင့်ဆုံးဖြစ်သည်။

ပြီးခဲ့သည့်လအတွင်း ပုံမှန်ထက်ကို အားပျော့သည့် မုတ်သုံလေအားနည်းခြင်းနှင့် တရုတ်နိုင်ငံတောင်ပိုင်းဒေသအပေါ်၌ လေဖိအားများရပ်ဝန်း ဆက်လက်တည်ရှိခြင်းတို့ကြောင့် အပူချိန်မြင့်တက်မှုကို ပိုမိုဖြစ်စေခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသပညာရှင်များက သုံးသပ်ထားသည်။

ထို့ပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကြောင့်လည်း အပူချိန်မြင့်တက်မှု ပိုမိုပြင်းထန်လာနိုင်ကြောင်း မိုးလေဝသပညာရှင်များက သတိပေးထားသည်။

Ref: ST

အီရန်၌တိုက်ခိုက်ရန် ပစ်မှတ်တစ်ခု သို့မဟုတ် ပစ်မှတ်နှစ်ခု ကျန်ရှိနေသေးဟု ထရမ့်ပြော

ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်နိုင်ငံအနေဖြင့် အီရန်နိုင်ငံရှိ စစ်ရေးပစ်မှတ်အများစုကို ဖျက်ဆီးလိုက်နိုင်ပြီဖြစ်သော်လည်း နောက်ထပ်တိုက်ခိုက်ရန် ပစ်မှတ်တစ်ခု သို့မဟုတ် ပစ်မှတ်နှစ်ခုကျန်ရှိနေသေးကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။ တစ်ချိန်တည်းမှာပင် တိုက်ခိုက်မှုခံရပါက လက်တုံ့ပြန်တိုက်ခိုက်မှုများလုပ်သွားမည်ဖြစ်ကြောင်း အီရန်ဘက်ကလည်း သတိပေးထားသည်။

ဂင်းအနေဖြင့် အီရန်နှင့်စစ်ပွဲကိုအဆုံးသတ်စေရန် ဆွေးနွေးမှုများဆက်လက်လုပ်ဆောင်မည်ဖြစ်သော်လည်း အီရန်အနေဖြင့် ယုံကြည်ကိုးစားရမှုမရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း ထရမ့်ကပြောသည်။ ထို့ပြင် အမေရိကန်နိုင်ငံက အီရန်နိုင်ငံအပေါ် တိုက်စစ်ဆင်ရန် အလောတကြီးလုပ်မည်မဟုတ်ကြောင်း၊ အကြောင်းရင်းမှာ အမေရိကန်တပ်မတော်က အီရန်တပ်မတော်နှင့် နျူကလီးယားအစီအစဉ်တို့ကို ဖျက်ဆီးထားနိုင်သောကြောင့်ဖြစ်ကြောင်း ထရမ့်ကဆက်ပြောသည်။

ထရမ့်၏ပြောဆိုချက်ထွက်ပေါ်လာပြီးနောက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမာကိုရူဘီယိုက ထရမ့်အနေဖြင့် အီရန်ကို တိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချထားခြင်းမရှိကြောင်းနှင့် အမေရိကန်က သံတမန်ရေးဆွေးနွေးခြင်းဖြင့်အဖြေရှာရန် လမ်းဖွင့်ပေးထားဆဲဖြစ်ကြောင်း ပြောသည်။ **Ref: ST**

ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

(၉၂)ကြိမ်မြောက် ကျပ်(၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၆ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့

အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

၈ - ၄၉၃၅၃၈

အထူးဆုကြီး ကျပ်သိန်း (၃၀၀၀) ဆုများ

၆ - ၃၆၂၂၁ က - ၅၇၉၁၆၃ ၈ - ၉၇၂၈၅၅

အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ

ခု - ၁၀၄၆၉၅ တ - ၃၉၆၉၇၇ ဏ - ၅၄၇၆၉၅
ထ - ၃၉၀၅၆၈

အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ

န - ၁၀၆၀၃၃ ၈ - ၂၂၄၁၉ ဃ - ၇၄၇၁၄၆
၈ - ၁၂၈၇၈၅ ဒ - ၃၉၅၅၅၁ ၆ - ၉၁၉၄၂၆
ဏ - ၂၁၄၁၇၀

ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀) ဆုများ

ဃ - ၂၆၄၃၁၂ ၈ - ၃၇၉၃၀၁ ဃ - ၈၀၂၈၄၄
ဃ - ၃၀၄၃၉၄ ဒ - ၄၈၅၄၇၃ ထ - ၈၀၈၀၄၈
ဃ - ၃၀၈၁၄၀ ပ - ၅၁၁၈၇၆ ၆ - ၈၂၂၉၀၃
၈ - ၃၃၃၀၃၇ ၈ - ၆၁၁၈၈၈ ၅ - ၈၉၅၆၀၆
ထ - ၃၅၇၆၆၂ ဏ - ၆၄၄၈၁၄ တ - ၉၄၇၃၃၃

ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀) ဆုများ

တ - ၁၀၉၅၀၁ ထ - ၅၈၉၂၄၆ ၅ - ၈၉၀၅၇၁
န - ၁၅၆၆၇၇ ဃ - ၆၀၇၂၄ ဃ - ၉၁၀၅၇၈
ပ - ၂၀၄၅၂၃ ဃ - ၆၂၄၃၅၈ ထ - ၉၂၈၅၅၀
ခ - ၄၃၅၃၄ ဃ - ၆၇၆၉၉၄ တ - ၉၅၈၂၄၄
ဃ - ၅၅၉၁၇ ည - ၇၃၉၇၆၆
ပ - ၅၇၈၀၂၄ ခ - ၇၆၅၂၆

ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀) ဆုများ

ဆ - ၁၀၆၆၇၀ ၆ - ၃၅၂၇၇ ဏ - ၈၁၆၅၃၀
ဃ - ၁၉၆၈၈၇ ဆ - ၄၄၇၅၄၃ ည - ၉၃၃၇၀၅
ဃ - ၂၆၀၄၉၆ ခ - ၄၆၈၀၁၈ ဏ - ၉၄၆၁၂၁
က - ၃၂၀၅၃၅ တ - ၅၉၁၃၆၀ ဗ - ၉၈၉၄၅၄
ခ - ၃၃၈၅၅၀ ထ - ၇၆၆၆၃၁
ဂ - ၃၄၄၃၃၃ ၆ - ၇၈၁၃၆

ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀) ဆုများ

တ - ၁၄၀၁၉၂ ည - ၃၇၆၃၉၁ င - ၉၂၂၁၈၉
စ - ၁၄၂၁၀၉ ပ - ၅၂၇၁၃၃ ဆ - ၉၂၆၃၉၄
ခ - ၁၇၇၂၄၁ န - ၅၆၂၈၃၀ ခ - ၉၇၃၄၀၉
ပ - ၁၈၈၂၈၂ ဗ - ၆၂၄၃၉၄ ဏ - ၉၇၇၂၉၅
ဃ - ၂၁၅၂၁၅ ဃ - ၆၃၇၈၈၅ ဗ - ၉၈၈၇၆၃
တ - ၂၆၉၅၄၈ ခ - ၆၉၉၄၁၅
ဗ - ၃၆၂၆၄၀ ခ - ၈၉၉၄၁၅

ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀) ဆုများ

ခု - ၂၀၂၄၅၆ င - ၅၁၇၃၃၉ ဃ - ၈၂၂၀၆၆
တ - ၂၀၆၄၈၈ ဆ - ၅၁၆၄၁၉ ဆ - ၈၄၆၂၀၄
၆ - ၂၀၇၂၀၅ ည - ၅၃၇၃၅၅ ဗ - ၈၅၆၂၀၉
ဂ - ၂၈၁၄၀၆ ဆ - ၅၅၆၂၀၆ ဏ - ၈၆၆၂၀၆
ခု - ၃၀၁၈၄၂ က - ၆၆၄၈၃၇ ဗ - ၈၈၆၂၀၆
ပ - ၃၆၄၀၆၀ စ - ၆၇၃၀၀၁
ခ - ၄၃၈၆၇၇ ခု - ၈၂၄၂၆၇
ဃ - ၄၆၀၆၉၀ ည - ၈၂၇၈၅၅
ခု - ၅၀၀၆၉၀

ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဆ - ၁၀၅၀၂၄ ထ - ၄၆၅၈၇၄ ခု - ၇၉၄၈၅၂
က - ၂၅၄၈၆၈ ည - ၄၉၄၀၄၄ စ - ၈၅၁၉၇၄
ဂ - ၂၉၇၆၇၇ က - ၅၇၇၁၃၈ ဗ - ၉၀၄၇၀၇
န - ၃၄၂၁၅၉ ၆ - ၆၇၅၆၉၀ ၆ - ၉၂၂၅၅၂
ထ - ၃၇၇၂၉၁ ၆ - ၆၈၈၉၃၃ ဃ - ၉၄၁၁၉၅
ခု - ၄၄၂၄၉၅ ဂ - ၇၀၈၄၃၃ ၆ - ၉၄၄၄၇၃

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၁၃) ယူနစ်

စ - ၁၂၈၀၆ ခု - ၃၅၅၂၇ ၆ - ၇၁၆၇၃ န - ၉၆၂၈၀
ဆ - ၁၈၀၅၆ ဗ - ၅၉၅၂၆ တ - ၇၆၅၈၅
ဏ - ၂၆၈၉၂ ဂ - ၆၁၆၄၄ ဂ - ၇၇၆၂၁
ည - ၃၁၁၁၁ ဏ - ၆၇၀၅၃ ၆ - ၈၁၀၉၆

အကွရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၁၃) ယူနစ်

၈ - ၁၈၄၅ ခ - ၃၉၉၀
၆ - ၂၄၆၃ ည - ၄၁၂၈
ထ - ၃၁၉၉ ၆ - ၄၄၂၆
စ - ၃၂၇၅ ဏ - ၅၈၇၈
ည - ၃၂၇၆ တ - ၇၄၇၅
ဂ - ၃၈၁၅ တ - ၈၄၀၄

အကွရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၁၃) ယူနစ်

ဃ - ၂၂၄ ည - ၆၆၇ ဆ - ၇၃၈
ည - ၂၃၃ စ - ၆၇၆ ခု - ၇၇၇
ဂ - ၄၅၈ ပ - ၇၂၈ ပ - ၇၇၇
ခု - ၅၆၈ ထ - ၇၃၆ ၈ - ၉၈၃
ထ - ၅၈၅

အကွရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ (၁၀) ယူနစ်

ပ - ၂၉ ဃ - ၆၉ ည - ၈၁ ခု - ၉၃ ၆ - ၉၈
ဆ - ၅၀ ဃ - ၇၈ ထ - ၈၃ ဒ - ၉၅ ၈ - ၉၉

အကွရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု (၁) ယူနစ်

ဃ - ၅

အကွရာနှင့် ရှေ့ဂဏန်း (၁) လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်ချီးမြှင့်သောဆုမဲများ

ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဆ - ၃၃၈၁၀၇ ဃ - ၇၈၈၀၇၃
၈ - ၇၄၂၂၉၇ ည - ၈၅၉၆၉၀

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၂) ယူနစ်

က - ၇၀၁၆၁ ဃ - ၇၄၁၂၇

အကွရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၂) ယူနစ်

န - ၁၂၂၅
င - ၁၆၇၀

အကွရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ (၂) ယူနစ်

၈ - ၂၆၀
၇ - ၃၉၁

အကွရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့တွင်ကျင်းပသည့် (၉၂) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၂၀၈၅၉၃၃) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၂၀၈၅၉၃၃) ဦးဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် (၉၃) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့်အကွရာများမှာ (က) အကွရာမှ (ဖ) အကွရာထိ အကွရာ (၂၂) လုံးဖြစ်ပါသည်။

၃။ (၉၂)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၁၁-၂၀၂၆) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၃-၁၁-၂၀၂၆) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (ဖ)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။



OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone,09 798157939(Office),09 773646431(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။



အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR



THE BEST QUALITY TYRE

TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။



ဆိုင်ကယ်တာယာ

ကားတာယာ

သုံးဘီးတာယာ

ပဲခူးအရောင်း-ဖုန်း - ၀၉ ၂၅၄၂၇၉၃၊ ၀၉ ၄၅၃၃၂၅၅၅၅၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

NAY PYI TAW

“အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း”





နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဝွာနီလမ်းမကြီး၊ ပုဇွန်ဆီရိပ်မြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅


STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိသည့် နေရာပြပုံ။



တာချီလိတ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသည့် ထိုင်းနိုင်ငံသား ၈၃ ဦးကို လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်းပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ် တားဆီးကာကွယ်ခြင်းများကို

စာမျက်နှာ ၁၇ ကော်လံ ၅ ✦

၂၃၀ ကေဗွီ တောင်ငူ - သာယာကုန်း ဓာတ်အားလိုင်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့်လုပ်ငန်းခွင်သို့ အကြမ်းဖက်သမားများက FPV Drone များဖြင့်တိုက်ခိုက်

နေပြည်တော် နိုဝင်ဘာ ၁

အကြမ်းဖက်သမားများ အကြိမ်ကြိမ်ဖောက်ခဲ့ဖျက်ဆီးခဲ့သည့် ၂၃၀ ကေဗွီ တောင်ငူ - သာယာကုန်း ဓာတ်အားလိုင်းရှိတာဝါတိုင်များကို လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနမှ ကျွမ်းကျင်အင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများသည် **စာမျက်နှာ ၁၆ ကော်လံ ၁** ▲



၂၃၀ ကေဗွီ တောင်ငူ - သာယာကုန်း ဓာတ်အားလိုင်းပြုပြင်ခြင်းလုပ်ငန်းခွင်သို့ တိုက်ခိုက်သည့် FPV Drone ၏မှတ်တမ်းဓာတ်ပုံ။

M League 2026

U - 20 လူငယ်လိင်ဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပမည်

စာ - ၂၀ သို့

.....

အာရှအမျိုးသမီး ချန်ပီယံလိင်ဂ်ပြိုင်ပွဲ အုပ်စု(A)ပထမပွဲစဉ်တွင် ရောဝတီယူနိုက်တက်အသင်း လက်ရှိချန်ပီယံနာဂိုရန်း (မြောက်ကိုရီးယား) အသင်းကို အရေးနိမ့်

စာ - ၂၇ သို့

.....

အင်္ဂါဂြိုဟ်မှ နှစ်ပေါင်း ၄ ဒသမ ၁ ဘီလီယံရှိကျောက်တုံးကို ကမ္ဘာတွင်တွေ့ရှိ

နိုင်ငံတကာ စာ - ၂၆ သို့

ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁

နိုင်ငံတော်အစိုးရအနေဖြင့်ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်

စာမျက်နှာ ၁၇ ကော်လံ ၁ ⇨



၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဆက်လက်ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁

ဘိလိယက်နှင့် စနူကာ အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနမှကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့်

စာမျက်နှာ ၂၀ ကော်လံ ၁ ➢

M League ပြိုင်ပွဲတွင် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲရ

ရန်ကုန် နိုဝင်ဘာ ၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာလိဂ်ကကြီးမှူးကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ M League ပွဲစဉ်(၆)နောက်ဆုံးနေ့ပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် သန်လျင်မြို့ရှိ သီဟဒီပအားကစားကွင်းနှင့် ပဲခူးမြို့ရှိ Grand Royal အားကစားကွင်းတို့၌ ကျင်းပရာ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိခဲ့ကြသည်။

သန်လျင်မြို့ သီဟဒီပကွင်း၌ယှဉ်ပြိုင်ကစားသည့် အဆင့် ၁၀နေရာမှ စစ်ကိုင်းယူနိုက်တက်အသင်းနှင့်

စာမျက်နှာ ၂၀ ကော်လံ ၅ ❍



၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲကို ယနေ့တွင် နေပြည်တော်ဘိုဝဏ္ဏသိဒ္ဓိအားကစားကွင်းအလေးမလေ့ကျင့်ရေးအားကစားရုံ၌ ဆက်လက်ကျင်းပရာ အမျိုးသား၊ အမျိုးသမီးဝိတ်တန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။

အမျိုးသမီး (၆၁)ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ

စာမျက်နှာ ၂၀ ကော်လံ ၅ ■